# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၂၅)၊ ၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက် ၊ ၂၀-၇-၂၀၂၅၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ဂါရဝပြု



နေပြည်တော် ဇူလိုင် ၁၉

၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဂါရဝပြုသည်။

တက်ရောက်

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ (၇၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊

စာမျက်နှာ ၃ သို့

## လွမ်းသူ့ပန်းခွေချ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေချစဉ်။



၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၀ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး နေ့စဉ်

# ကုန်ဈေးနှုန်းတည်ငြိမ်ရေး ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်၏ စီးပွားရေးတိုးတက်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်က အခြေခံစားကုန်များကို အထွက်နှုန်းတိုးတက်ထုတ်လုပ်နိုင်ခြင်းဖြင့် စားသောက်ကုန်များ၏ ဈေးနှုန်းကို သင့်တင့်သောဈေးနှုန်းများဖြစ်စေရန်၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေးအတွက် ရှိပြီးဖြစ်သည့် အခြေခံကောင်းများကိုအသုံးချ၍ ကုန်ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်ရန်နှင့် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ် စသည့် သီးနှံများကို တိုးမြှင့်စိုက်ပျိုးထုတ်လုပ်ပြီး ပြည်တွင်းတွင် ဆီဖူလုံမှုရှိစေရေး တွန်းအားပေးဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အခြေခံစားသောက်ကုန်ဈေးနှုန်းများ မြင့်တက်မှုသည် ပုံသေဝင်ငွေရရှိသည့် လခစားဝန်ထမ်းများနှင့် အခြေခံလူတန်းစားများအပေါ် သက်ရောက်မှုကြီးမားကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အတိုးနှုန်းသက်သာသည့် ချေးငွေများနှင့် ကူညီပံ့ပိုးပေးလျက်ရှိကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်း စိုက်ကေ ငါးသန်းကျော်အတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၆၈၈ ဘီလီယံ ထုတ်ချေးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းစားသုံးဆီတိုးမြှင့်ထုတ်လုပ်ရေး ရင်းနှီးလည်ပတ်ငွေ လိုအပ်ချက်များအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေက အတိုးနှုန်းသက်သာသည့် ချေးငွေများကို ထုတ်ချေးပေးလျက်ရှိကြောင်း ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၂) အစည်းအဝေးခန်းမ၌ကျင်းပသည့် ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ(၁/၂၀၂၅) အစည်းအဝေးတွင် ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် သဘာဝဘေးအန္တရာယ်ကျရောက်မှုများကြောင့် ကုန်ဈေးနှုန်းအပေါ် သက်ရောက်မှုမဖြစ်စေရေးအတွက် ကြပ်မတ်ထိန်းသိမ်းပေးရမည်ဖြစ်ကြောင်း၊ ဈေးကွက်အတွင်း အခြေခံစားသောက်ကုန်များ ပြတ်လပ်မှုမရှိစေရေး၊ ဈေးနှုန်းမြင့်တက်မှုမဖြစ်ပေါ်စေရေး၊ ဒေသတစ်ခုမှတစ်ခုသို့ ကုန်စည်စီးဆင်းမှုတွင် အခက်အခဲများမရှိစေရေးအတွက် ကော်မတီဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒေသအလိုက်သက်ဆိုင်ရာတာဝန်ရှိသူများအားလုံးက ကြိုတင်စီမံ၍ ပူးပေါင်းဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆန်၊ စားအုန်းဆီအပါအဝင် အခြေခံစားသောက်ကုန်ဈေးနှုန်းများ တည်ငြိမ်စေရေးဆောင်ရွက်မှုအခြေအနေ၊ ကုန်စည်များစီးဝင်၊ စီးထွက်မှုအခြေအနေ၊ လျော်ဘေးသင့်ဒေသများတွင် အခြေခံစားကုန်များအား ဈေးကားများဖြင့် လှည့်လည်ရောင်းချမှုအခြေအနေတို့ကို ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ကော်မတီအဖွဲ့ဝင်များက ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေး ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် စားဖိုဆောင်သုံးပစ္စည်းများ၏ ထွက်ရှိမှု၊ ဖူလုံမှု၊ ရောင်းဝယ်မှုအခြေအနေနှင့် တွေ့ကြုံရသည့် အခက်အခဲများ၊ အခြေခံစားသောက်ကုန်ဈေးနှုန်းများ တည်ငြိမ်စေရေးအတွက် နေ့စဉ်ကြပ်မတ် ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီအနေဖြင့် အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ စားသုံးဆီ၊ သားငါး၊ ဥနှင့် မီးဖိုချောင်သုံးကုန်ပစ္စည်းများ ဈေးနှုန်းတည်ငြိမ်ရေး၊ ပြည်တွင်းလိုအပ်ချက်နှင့် ထုတ်လုပ်မှုပမာဏ ညီညွတ်မျှတရေး၊ ကုန်စည်စီးဆင်းမှုအဝင်၊ အထွက်မှန်ကန်ရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်မှုပျက်ပြားစေမည့် ကိစ္စရပ်များအား ဥပဒေနှင့်အညီ ကြီးကြပ်ရေးလုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိသည်။**(အပေါ်ယာပုံ)**

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဇူလိုင် ၂၁ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အကွက်(၁၃)၊ ဒေါနဘွားရပ်ကွက်၊ အုတ်စက်ဓမ္မာရုံဝင်းနှင့် ချမ်းမြသာစည်မြို့နယ်၊ သံလျက်မော်တောင်ရပ်ကွက်၊ အကွက်(၄၄၈)၊ ဒေါနခြံ၊ ဒေါနသုခလူမှုကူညီရေးရုံးအနီး၊ ကန်တော်ကြီးအရှေ့ပတ်လမ်းတို့တွင်လည်းကောင်း၊ ဇူလိုင် ၂၂ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ ၇၂လမ်း၊ လမ်း ၃၀နှင့် ၃၁လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ ၅၄လမ်းနှင့် ၁၃၃လမ်းထောင့်တို့တွင်လည်းကောင်း၊ ဇူလိုင် ၂၃ ရက်တွင် မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁) ရပ်ကွက်၊ လမ်း၄၀နှင့် ၆၈လမ်းထောင့်၊ ဓမ္မာရုံရှေ့နှင့် အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ လေးစုဓမ္မာရုံ၊ အ.ထ.က(၁) ကျောင်းအနောက်ဘက်တို့တွင်လည်းကောင်း၊ ဇူလိုင် ၂၄ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာဝင်းအတွင်း၊ ပျံကျဈေးအနီး ဓမ္မာရုံရှေ့တွင်လည်းကောင်း၊ ဇူလိုင် ၂၅ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ ၇၂လမ်းနှင့် မင်္ဂလာပန်းခြံလမ်းထောင့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့တွင်လည်းကောင်း၊ ဇူလိုင် ၂၆ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ လမ်း၈၀၊ ၃၉လမ်းနှင့် လမ်း၄၀ကြားနှင့် အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

## မဟာအောင်မြေမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်





**မန္တလေး ဇူလိုင် ၁၉**

မန္တလေး၊ မဟာအောင်မြေမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ၂၀၂၅ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက် ဥပဒေအပါအဝင် တည်ဆဲ အခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အခွန်ဦးစီးဌာနရုံးမှူးရုံးတွင် ပြုလုပ်ခဲ့သည်။ **(ဓာတ်ပုံ)**

ဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီးဌာန ဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မျိုးထွန်းက အခွန်ဆိုင်ရာနှင့်ပတ်သက်သည့် သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်အခွန်ထမ်းပြည်သူ ၁၂၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၉)**

## ညောင်ဦးမြို့၌ ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ် ၂၁၂၀ စင်တီမီတာအောက် ၁၉ စင်တီမီတာတွင် တည်ရှိနေ

**ညောင်ဦး ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၌ ဧရာဝတီမြစ်ရေသည် ဇူလိုင် ၁၉ ရက် နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စိုးရိမ်ရေမှတ် ၂၁၂၀ စင်တီမီတာအောက် ၁၃ စင်တီမီတာတွင် ရောက်ရှိနေကာ တဖြည်းဖြည်းပြန်လည်ကျဆင်းနေပြီဖြစ်ကြောင်း ညောင်ဦးမြို့ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန တာဝန်ရှိသူများထံမှ သိရသည်။

ညောင်ဦးမြို့၌ ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် စိုးရိမ်ရေမှတ် ၂၁၂၀ စင်တီမီတာအောက် ၁၉ စင်တီမီတာ ရောက်ရှိနေကာ တဖြည်းဖြည်းကျဆင်းတော့မည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ ညောင်ဦးမြို့နယ်အတွင်း မြစ်ရေတဖြည်းဖြည်းကျဆင်းနေပြီဖြစ်ရာ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့ပူးပေါင်း၍ မြစ်ရေအခြေအနေများအား အချိန်နှင့်တစ်ပြေးညီ အသံချဲ့စက်ဖြင့် လိုက်လံသတိပေးခြင်း၊ မြစ်ရေကျချိန် အဆိပ်ရှိသတ္တဝါများအန္တရာယ်မှ သတိပြုနေထိုင်ကြရန် လိုက်လံနှိုးဆော်လျက်ရှိကြောင်း သိရသည်။

**(၄၈၁)**

**စိမ်းလန်းစိုပြည်လှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့။**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

☆ ရှေ့ဖုံးမှ
ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ မန်းငြိမ်းမောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ (၇၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တို့နှင့်အတူ စာမျက်နှာ ၄ သို့ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာဇာနည် ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။





ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ ဗိုလ်ချုပ်အောင်ဆန်း၏ အစ်ကို ဦးအောင်သန်း၏ မြေး ဦးရဲအောင်သန်းက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



သခင်မြ၏ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချစဉ်။



ဒီးဒုတ်ဦးဘချို၏ဂူဗိမာန်၌ မိသားစုဝင်တစ်ဦးက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ဦးဘဝင်း၏ဂူဗိမာန်၌ ဦးဘဝင်း၏ မိသားစုဝင်ကိုယ်စား အာဇာနည်နေ့အခမ်းအနားကျင်းပရေးကော်မတီမှ ကိုယ်စားလှယ်တစ်ဦးက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



မင်းဘခိုင်၏ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



မင်းဘခိုင်၏ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချစဉ်။



မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ဦးရာဇတ်၏ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချစဉ်။



ဦးအုန်းမောင်၏ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ရဲဘော်ကိုထွေး၏ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။

☆ စာမျက်နှာ ၃ မှ

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေကိုချ၍ အလေးပြုကြသည်။

## မေတ္တာပို့သအမျှပေးဝေ

ထိုအချိန်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တိုင်ဝက်သို့ လျှော့ချလွှင့်ထူ၍ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြှောက်၍လည်းကောင်း၊ စစ်ခရာအဖွဲ့က ကျဆုံးရဲဘော်အလေးပြုခရာမှုတ်၍လည်းကောင်း အလေးပြုကြပြီး နှစ်မိနစ်ငြိမ်သက်စွာ မေတ္တာပို့သအမျှပေးဝေကြသည်။

ယင်းနောက် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ၊ ကိုယ်စားလှယ်များက အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ ဂါရဝပြုကြပြီး မေတ္တာပို့သအမျှပေးဝေကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံရုံးယာယီတာဝန်ခံများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုကြသည်။

## လွမ်းသူ့ပန်းခွေချ အလေးပြု

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ ခရစ်ယာန်ကလျာဏယုဝအသင်း(YMCA)၊ ရှင်သန်ရေးကူညီမှုအသင်း၊ မြန်မာနိုင်ငံဆရာဝန်များအသင်း၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်၊ မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ ဟိန္ဒူဗဟိုအဖွဲ့ချုပ်၊ သနန္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး၊ အိုလမာအစ္စလာမ်သာသနာ့ပညာရှင်များအဖွဲ့ချုပ်၊ မြန်မာမွတ်စလင် သာသနာ့ပညာရှင်များအဖွဲ့ချုပ်၊ ဖူလ်းဂေါ်စပယ်အသင်းတော်အဖွဲ့ချုပ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစ္စလာမ်သာသနာ့ရေးရာကောင်စီဌာနချုပ်၊ မြန်မာမွတ်စလင် လူငယ်များအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊

စာမျက်နှာ ၅ သို့ ☆



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။



(၇၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ဂါရဝပြုကြသည့် ရဟန်းရှင်လူများ၊ ကျောင်းသား ကျောင်းသူများ၊ အများပြည်သူများက စနစ်တကျတန်းစီ၍ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့အမှတ်ရသောအားဖြင့် ဂါရဝပြုကြစဉ်။

✰ စာမျက်နှာ ၄ မှ

မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန်အသင်းချုပ်၊ မြန်မာအမျိုးသမီး စွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံ ပိုးကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၊ အရှိချင်းနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံတော်ကတ်သလစ် ဆရာတော်ကြီးများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဗိသုကာကောင်စီ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း၊ လေးကျွန်းသူဖောင်ဒေးရှင်းနှင့် မြန်မာစားသုံးသူသမဂ္ဂတို့အပါအဝင် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

**အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့အမှတ်ရသောအားဖြင့် ဂါရဝပြု**

ယင်းနောက် (၇၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်ဂါရဝပြုကြသည့် ရဟန်းရှင်လူများ၊ ကျောင်းသား ကျောင်းသူများ၊ အများပြည်သူများက စနစ်တကျတန်းစီ၍ အာဇာနည် ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့အမှတ်ရသောအားဖြင့် ဂါရဝပြုကြသည်။

၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံးတိုင်ဝက်လွှင့်ထူခဲ့ကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားတို့က ဥသြဆွဲ အချက်ပေးခဲ့သည်။

**အများပြည်သူများက လာရောက်ဂါရဝပြုလေ့လာ**

ယနေ့တွင် အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၊ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး)များသို့လည်း အများပြည်သူများက လာရောက်ဂါရဝပြုလေ့လာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။





မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံရုံးယာယီတာဝန်ခံများက လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။





လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။

**ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ပြီး မြန်မာနိုင်ငံလွတ်လပ်ရေးရဖို့အတွက် ကြိုးစားသွားတယ်။ လွတ်လပ်ရေးရပြီးတဲ့ အချိန်မှာလည်း မြန်မာနိုင်ငံကို ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်တဲ့ နိုင်ငံတစ်ခုအဖြစ်သွားနိုင်ဖို့ ဗိုလ်ချုပ်မျှော်မှန်းခဲ့တယ်ဆိုတာ ဗိုလ်ချုပ်ရဲ့ပြောကြားချက်တွေမှာ အများကြီးပါ ပါတယ်။ ဒါကို ကျွန်တော်တို့လက်ရှိ ရှိနေတဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေအားလုံး ဝိုင်းဝန်းကြိုးစားရမှာဖြစ်ပါတယ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်



၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဂါရဝပြုသည်။ အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ဂါရဝပြုခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံပိုင်မီဒီယာများက အာဇာနည်နေ့ အခမ်းအနားနှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့ရာ ၎င်းက အောက်ပါအတိုင်း ပြန်လည်ဖြေကြားခဲ့ပါသည်-

"ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ပြီး မြန်မာနိုင်ငံလွတ်လပ်ရေးရဖို့အတွက် ကြိုးစားသွားတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း မြန်မာနိုင်ငံကို ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်တဲ့ နိုင်ငံတစ်ခုအဖြစ်သွားနိုင်ဖို့ ဗိုလ်ချုပ်မျှော်မှန်းခဲ့တယ်ဆိုတာ ဗိုလ်ချုပ်ရဲ့ပြောကြားချက်တွေမှာ အများကြီးပါ ပါတယ်။ ဒါကို ကျွန်တော်တို့လက်ရှိ ရှိနေတဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေအားလုံး ဝိုင်းဝန်းကြိုးစားရမှာဖြစ်ပါတယ်။

"ဝိုင်းဝန်းကြိုးစားတဲ့အခါမှာလည်း အားလုံးညီညီညွတ်ညွတ်နဲ့ တိုင်းပြည်ကို တကယ်ကောင်းအောင် လုပ်မယ်ဆိုတဲ့စိတ်နဲ့ လုပ်ကြတာကောင်းပါတယ်။ ဗိုလ်ချုပ်တို့က အသက်စွန့်ပြီးတော့၊ အသက်ပေးပြီး တော့လုပ်သွားကြတာပါ။ ဒါ့အပြင် တိုင်းပြည်ရဲ့တန်ဖိုးက လွတ်လပ်ရေးပါ။ နောက်တစ်ခါ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒါတွေရှိတယ်။ သို့သော်လည်း စည်းနဲ့ကမ်းနဲ့ ဖြစ်တဲ့စနစ်မျိုးတော့ ဖြစ်ဖို့လိုပါတယ်။ ဒီလိုမဟုတ်ဘဲ စည်းမဲ့ကမ်းမဲ့လုပ်မယ်ဆိုရင် တိုင်းပြည်အတွက် အန္တရာယ်လည်းရှိပါတယ်။ ဒါကြောင့် ဗိုလ်ချုပ်မျှော်မှန်းခဲ့တဲ့လမ်းကြောင်းအတိုင်းပဲ တိုင်းသူပြည်သားအားလုံး၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့လုပ်ကိုင်သွားကြဖို့ လိုပါတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။"

သတင်းစဉ် သတင်းအဖွဲ့

# အာဇာနည်ခေါင်းဆောင်ကြီးများအပေါ် သားစဉ်မြေးဆက်တို့၏ သဘောထားအမြင်များ

မြန်မာ့လွတ်လပ်ရေးအတွက် အသက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး လွတ်လပ်ရေးမှခ်ဦးတံခါးဝရောက်ခါနီးချိန်ခါမှ မသမာသူလူတစ်စု၏ လုပ်ကြံမှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော အာဇာနည်ခေါင်းဆောင်ကြီးများ ကြေကွဲဝမ်းနည်းဖွယ်ရာ ကျဆုံးခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၇၈)နှစ်တိုင်ခဲ့ချေပြီ။ သို့သော် မျိုးဆက်အလီလီက ယနေ့တိုင်မေ့မရနိုင်။ အထူးသဖြင့် နှစ်စဉ်အာဇာနည်နေ့ရောက်လေတိုင်း အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂုဏ်ကျေးဇူးတရားကို မျိုးဆက်အလီလီက အောက်မေ့သတိရလျက်ရှိကြသည်။ အာဇာနည်ခေါင်းဆောင်ကြီးများ၏ သားစဉ်မြေးဆက်မိသားစုဝင်များကလည်း လွမ်းဆွတ်အောက်မေ့သတိရသည့်နည်းတူ တစ်ဖက်ကလည်း အာဇာနည်ခေါင်းဆောင်ကြီးများ၏ မျိုးဆက်များအဖြစ် ဂုဏ်ယူမဆုံးရှိကြသည်။



ဦးရဲအောင်သန်း



ဒေါ်ဇင်ဇင်ဦး



ရှိန်းမြသံဇဉ်မေ



မစဝ်သီမ့်ကြာဖြူ



ဒေါ်မြင့်မြင့်သန်း

ယနေ့ (၇၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်လာသူ ဗိုလ်ချုပ်အောင်ဆန်း၏ မိသားစုဝင် မြေးတစ်ဦးလည်းဖြစ်၊ ဗိုလ်ချုပ်၏ အစ်ကို ဦးအောင်သန်း၏ မြေးလည်းဖြစ်သူ ဦးရဲအောင်သန်းက "(၇၈)နှစ်မြောက် အာဇာနည်နေ့မှာ အာဇာနည်ခေါင်းဆောင်ကြီးတွေကို လာရောက်ဂါရဝပြုရတဲ့အတွက် ဝမ်းသာပါတယ်။ အာဇာနည် ခေါင်းဆောင်ကြီးတွေ အသက်ပေးပြီးယူပေးခဲ့တဲ့ လွတ်လပ်ရေးကို မျိုးဆက်သစ်လူငယ်တွေအနေနဲ့ ထိန်းသိမ်းဖို့လိုအပ်ပါတယ်။ ဗိုလ်ချုပ်ချမှတ်ထားတဲ့လမ်းစဉ်အတိုင်း သွားစေချင်ပါတယ်"ဟု ပြောသည်။

မြေးချွေးမ တော်စပ်သူ ဒေါ်ဇင်ဇင်ဦးကလည်း "အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ မိသားစုဝင်ဖြစ်ရတဲ့အတွက်ရယ်၊ အခုလို လာရောက်ဂါရဝပြုရတဲ့အတွက် ဂုဏ်ယူရပါတယ်။ ယနေ့မျိုးဆက်သစ်လူငယ်တွေအနေနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေ ကဲ့သို့ တိုင်းပြည်နဲ့လူမျိုးကို ချစ်မြတ်နိုးပြီး နိုင်ငံ့အပေါ်ချစ်တဲ့စိတ်ဓာတ်နဲ့ အမွေအနှစ်တွေကိုလည်း ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားစေချင်ပါတယ်"ဟု ပြောသည်။

မျိုးဆက်ကွာဟမှုများ ရှိသော်ငြား အာဇာနည်ခေါင်းဆောင်ကြီး သခင်မြ၏မြစ် တော်စပ်သူ ရှိန်းမြသံဇဉ်မေက အာဇာနည်ခေါင်းဆောင်ကြီး သခင်မြ၏ မြစ်တစ်ယောက် အနေဖြင့် ဆွေမျိုးဖြစ်ရသည်ကို ဂုဏ်ယူမိပါကြောင်းဆိုသည်။

"အာဇာနည် ခေါင်းဆောင်ကြီး သခင်မြရဲ့ နိုင်ငံ့အတွက် လုပ်ဆောင်ချက်တွေကို ကျွန်မတို့ ဘိုးဘိုးက ပြောပြခဲ့ပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့အကြောင်းကို ကျောင်းသင်ခန်းစာ၊ သမိုင်းဘာသာရပ်မှာလည်း သင်ရတဲ့အတွက် မေ့နိုင်စရာ အကြောင်းမရှိပါဘူး။ အမြဲတမ်း အမှတ်ရ ဂုဏ်ယူလေးစားနေရပါတယ်။ ကျွန်မတို့ မျိုးဆက်သစ် လူငယ်တွေ အနေနဲ့လည်း ဗိုလ်ချုပ်အောင်ဆန်း ကဲ့သို့ ထက်မြက်တဲ့ အရည်အချင်းတွေကို အတုယူသင့်ပါတယ်"ဟု ပြောသည်။

အာဇာနည် ခေါင်းဆောင်ကြီး မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏မြစ်တော်စပ်သူ မစဝ်သီမ့်ကြာဖြူက "ကျွန်မငယ်ငယ်က အဘေးရဲ့အကြောင်းကို အဘိုးကပုံပြင်အနေနဲ့ ဘာတွေလုပ်ခဲ့တယ်ဆိုတာ ပြောပြဖူးတယ်။ အဘေးအတွက် ကျွန်မတို့ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ အဘေးနဲ့အတူ အာဇာနည်ခေါင်းဆောင်ကြီးတွေကို ကျွန်မတို့ လူငယ်တွေက လေးစားသမှုပြုရမယ်။ ဘာလို့လဲဆို လွတ်လပ်ရေးကိုရအောင်ယူပေးခဲ့လို့၊ ဒါကြောင့် လေးစားသင့်တယ်၊ တန်ဖိုးထားသင့်တယ်"ဟု ဆိုသည်။

အာဇာနည် ခေါင်းဆောင်ကြီး မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ မြေးချွေးမ တော်စပ်သူ ဒေါ်မြင့်မြင့်သန်းက နိုင်ငံတော်အတွက် အသက်ပေးသွားခဲ့သည့် အဘိုးအတွက်ဂုဏ်ယူပါကြောင်း၊ အာဇာနည် ခေါင်းဆောင်ကြီးများကို မျိုးဆက်သစ်လူငယ်များကလည်း ရှိသေလေးစားကြကြောင်း၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကောင်းမြတ်သည့် အမွေအနှစ်များကို လက်ဆင့်ကမ်းသယ်ဆောင်သွားကြဖို့ အကြံပြုချင်ကြောင်း ပြောကြားသည်။

စာမျက်နှာ ၇ သို့ ✱

* စာမျက်နှာ ၆ မှ

အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်၏ သမီးဖြစ်သူ ဒေါ်မြင့်မြင့်ခိုင်က "ကျွန်မကတော့ နိုင်ငံ့တာဝန်ကို နှစ် ၄၀ ကျော် ထမ်းဆောင်ခဲ့ပြီးပါပြီ။ အခုလည်း နိုင်ငံတော်က အခါအားလျော်စွာ ပေးအပ်တဲ့ တာဝန်တွေကို ထမ်းဆောင်နေပါတယ်။ ကျွန်မလိုပဲ နိုင်ငံသူ နိုင်ငံသားအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ကျရာတာဝန်ကို ထမ်းဆောင်ကြမယ်ဆိုရင် လွတ်လပ်တဲ့နိုင်ငံ တင်မကဘူး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံဖြစ်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်မ သုံးနှစ်သမီးအရွယ်ကတည်းက ကျွန်မရဲ့ဖခင်က ကျဆုံးသွားခဲ့တာကြောင့် ကျွန်မရဲ့ ဖခင်ဖြစ်သူကို မမီခဲ့ပါဘူး၊ ဖခင်ဖြစ်သူရဲ့ အကြောင်းအရာတွေကို မိခင်ဖြစ်သူရဲ့ ပြောကြားချက်တွေနဲ့ စာအုပ်စာပေတွေက လေ့လာဖတ်ရှု သိခဲ့ရပါတယ်"ဟု ဆိုသည်။

အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်၏ မြေးတော်စပ်သူ ဦးညီညီဆွေခိုင်က "အာဇာနည်ခေါင်းဆောင်ကြီးတွေကို တစ်နှစ်တစ်ခါမှ သတိရတာထက်စာရင် သူတို့ရဲ့ တိုင်းပြည်အပေါ်ထားတဲ့ စိတ်ဓာတ်၊ တိုင်းပြည်ကောင်းအောင်ကြိုးစားခဲ့တဲ့ စိတ်ဓာတ်၊ စေတနာတို့ကိုတိုင်းပြည်တိုးတက်စေဖို့ လုပ်ကိုင်ဆောင်ရွက်မယ်ဆိုရင် တိုင်းပြည်အတွက် ပိုအကျိုးရှိမယ်လို့ ထင်မြင်ပါကြောင်း" ပြောသည်။

အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်၏ မြေးတော်စပ်သူ ဒေါ်နန့်စိုးစိုးခိုင်က "ကျွန်မတို့ မိသားစုတွေက ချစ်ခြင်းမေတ္တာနဲ့ တည်ဆောက်ပါတယ်။ အဘိုးရှိစဉ်က အဘိုးရဲ့အကြောင်းကို စာတွေမှာ ကရင်-ဗမာ ချစ်ကြည်စည်းလုံးညီညွတ်ရေး ဗိသုကာကြီးဆိုပြီး ခေါင်းစဉ်တပ်ရေးထားတဲ့ စာတွေမှာ ဖတ်ဖူးပါတယ်။ ဆက်ပြီးတော့ အရာရာတိုင်းကို ချစ်ခြင်းမေတ္တာနဲ့ တည်ဆောက်ပြီး ကျော်ဖြတ်ဖို့လိုပါတယ်။ မြန်မာပြည်မှာ တိုင်းရင်းသားပေါင်းစုံ ရှိတာကြောင့် ဘာပဲလုပ်လုပ် ချစ်ခြင်းမေတ္တာကို တည်ဆောက်ပြီးသွားမယ်ဆိုရင် အကောင်းဆုံး ဖြစ်မယ်လို့လည်း ယုံကြည်ပါတယ်"ဟု ဆိုသည်။

အာဇာနည်ခေါင်းဆောင်ကြီး ဦးအုန်းမောင်၏ သားဖြစ်သူ ရန်ကုန်တက္ကသိုလ် ကုန်ထုတ်ဓာတုဗေဒ အငြိမ်းစားပါမောက္ခ ဌာနမှူး ဒေါက်တာမင်းမြင့်က "အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ငယ်စဉ်ဘဝကတည်းက ကျဆုံးချိန်အထိ ကျင့်သုံးခဲ့တာတွေကို မျိုးဆက်သစ်တွေအနေနဲ့ လေ့လာဖို့လိုပါတယ်"ဟု ဆိုသည်။

အာဇာနည်ခေါင်းဆောင်ကြီး ဦးအုန်းမောင်၏ မြေးများဖြစ်သူ ဒေါက်တာ ကျော်သက်အောင်နှင့် ဒေါက်တာ ကျော်ထက်အောင်တို့ကလည်း "ကျွန်တော်တို့ငယ်စဉ်



ဒေါ်မြင့်မြင့်ခိုင်



ဦးညီညီဆွေခိုင်



ဒေါ်နန့်စိုးစိုးခိုင်



ဒေါက်တာ မင်းမြင့်



ဒေါက်တာ ကျော်သက်အောင်နှင့် ဒေါက်တာ ကျော်ထက်အောင်




ဦးသန့်ဇင်ချို



ဒေါ်ညိုမီရာဇတ်




ဦးလှကြည်



ဒုတိယဗိုလ်မှူးကြီး
အောင်ကိုကို(ငြိမ်း)

အဘွားရှိစဉ်ကဆိုရင် အာဇာနည်ခေါင်းဆောင်ကြီးတွေ တစ်ဦးတစ်ယောက်ချင်းစီက ဘယ်လိုစွမ်းဆောင်ခဲ့တယ် ဆိုတာတွေ၊ သူတို့ရဲ့ အရည်အချင်းတွေကို ပြောပြခဲ့လို့ သိရှိခဲ့ရပါတယ်။ ဂုဏ်ယူလေးစားစရာ ကောင်းပါတယ်။ လူငယ်တွေမှာလည်း အာဇာနည် ခေါင်းဆောင်ကြီးတွေလို နိုင်ငံကောင်းဖို့၊ နိုင်ငံတိုးတက်ဖို့ စွမ်းဆောင်ရည်ရှိတဲ့ စိတ်တွေကို မျိုးဆက်သစ်တွေ ဆက်လက်ထိန်းသိမ်းဖို့လိုပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေလို အသက်ငယ်ငယ်နဲ့ နိုင်ငံ့အရေးစွမ်းဆောင်နိုင်ခဲ့တာတွေကို လူငယ်တွေမြင်ဖို့၊ ကြိုးစားဖို့လိုပါတယ်"ဟု ဆိုသည်။

အာဇာနည်ခေါင်းဆောင်ကြီး ဒီးဒုတ်ဦးဘချို၏ မြေးတော်စပ်သူ ဦးသန့်ဇင်ချိုက "မျိုးဆက်သစ်တွေအနေနဲ့ တိုင်းပြည်တိုးတက်ဖို့ဆိုတာ ပထမဆုံး ငြိမ်းချမ်းရေးရပြီးမှသာ တိုင်းပြည်တိုးတက်နိုင်မယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အတူတကွ လက်တွဲပြီး တိုင်းပြည်တိုးတက်ရေး ဆောင်ရွက်နိုင်ဖို့ အားလုံးကြိုးစားကြစေချင်ပါတယ်။ အဘိုးက စာပေဘက်ရော ဂီတဘက်မှာပါ နှံ့နှံ့စပ်စပ်သိတဲ့ပုဂ္ဂိုလ်ပါ။ ကျွန်တော်တို့အနေနဲ့ အဘိုးကိုမမီပေမယ့် အဘိုးရဲ့စာပေနဲ့ ဂီတပိုင်းဆိုင်ရာရေးတဲ့ စာအုပ်တွေကို မပျောက်ပျက်အောင် ထိန်းသိမ်းပြီး နောင်မျိုးဆက်တွေအတွက် လက်ဆင့်ကမ်းပြီး ယဉ်ကျေးမှုတက္ကသိုလ်တွေကို စာအုပ်စာစောင်တွေလှူဒါန်းတာမျိုး ဆောင်ရွက်ခဲ့ပါတယ်။ လူမျိုးတစ်မျိုးမှာ ကိုယ်ပိုင်ယဉ်ကျေးမှုဆိုတာရှိတယ်။ ယဉ်ကျေးမှုဆိုတာ လူမျိုးတစ်မျိုးရဲ့ အထိမ်းအမှတ်ပြယုဂ်လည်း ဖြစ်ပါတယ်။ မြန်မာလူမျိုးတစ်ယောက်အနေနဲ့ နိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးတွေအားလုံး အနေနဲ့ မိမိတို့လူမျိုး၊ ယဉ်ကျေးမှုအစဉ်အဆက်တွေကို ထိန်းသိမ်းပြီး မိမိတို့ယဉ်ကျေးမှုဂုဏ်ကို စောင့်ထိန်းစေချင်ပါတယ်" ဟု ပြောသည်။

အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်၏ မြေးတော်စပ်သူ ဒေါ်ညိုမီရာဇတ်ကလည်း "ကျွန်မအဖေက အဘိုးဆုံးတဲ့အချိန်မှာ ငယ်ငယ်လေးပဲ ရှိသေးတယ်။ ကျွန်မတို့အနေနဲ့ အဘိုးကိုမြင်တွေ့ခွင့်မရခဲ့ပါဘူး။ ကျွန်မတို့ အရွယ်ရောက်လာတော့ စာတွေသင်တဲ့အခါ၊ လေ့လာပြီး ဖတ်ရှုတဲ့အခါ ကျွန်မတို့အဘိုးရဲ့အကြောင်းတွေကို သိရတယ်။ အဲဒီတော့ ကျွန်မတို့က အဘိုးက တိုင်းပြည်အတွက် လုပ်ခဲ့တာပဲ၊ အဲဒီအတွက် ငါတို့အဘိုးက အလွန်လေးစားဂုဏ်ယူဖို့ကောင်းတယ်။ အဲဒါလေးတွေကို ကျွန်မခံစားရပါတယ်။ အခုလိုမျိုး တစ်နှစ်တစ်ခါ ကြုံတွေ့ရတဲ့အခါမှာ ကျွန်မတို့အတွက် အမှတ်တရတွေ ပိုပြီးဖြစ်ရတာပေ့ါ။ အဘိုးရဲ့ အကြောင်းတွေကို ကြားထဲမှာ ပိုပြီးလေ့လာဖြစ်တယ်၊ ပိုပြီး သိလာတယ်။ နောက်မျိုးဆက်သစ်တွေအနေနဲ့လည်း တိုင်းပြည်အပေါ်မှာ သစ္စာရှိရှိနဲ့ တိုင်းပြည်တိုးတက်အောင် ဆောင်ရွက်သွားစေချင်ပါတယ်"ဟုပြောသည်။

အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်၏သားဖြစ်သူ ဦးလှကြည်က "အဲဒီတုန်းက ကျွန်တော်က ငယ်သေးတော့ သိပ်တော့မမှတ်မိဘူး။ နောက်ကျောင်းတက်တဲ့အခါ၊ လူကြီးတွေ ပြောတဲ့အခါတွေ ပတ်ဝန်းကျင်က ကျွန်တော်တို့အပေါ် လေးလေးစားစားဆက်ဆံလာကြတယ်။ ဘာကြောင့်လဲတော့ ကျွန်တော်လည်း မသိဘူးပေ့ါ။ နည်းနည်းကြီးလာတော့မှ အာဇာနည်ကြီးရဲ့ သားသမီးဖြစ်တဲ့အတွက် ပရိသတ်က ကရုဏာသက်ကြတယ်လို့ ခံစားရတယ်" ဟု ဆိုသည်။

အာဇာနည်ခေါင်းဆောင်ကြီး ရဲဘော်ကိုထွေး၏ တူတော်စပ်သူ ဒုတိယဗိုလ်မှူးကြီး အောင်ကိုကို (ငြိမ်း)က "ဗိုလ်ချုပ်တို့သူ့သက်တမ်းတိုလေးအတွင်းမှာ အများကြီး လုပ်ခဲ့တယ်။ ခြုံပြီးတော့ ခွဲလိုက်မယ်ဆိုရင် သုံးမျိုးပေ့ါ။ ပထမတစ်ခုကတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်ကို လုပ်ခဲ့တာ၊ ဒုတိယတစ်ခုကတော့ နိုင်ငံတော်ရဲ့လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာတည်မြဲဖို့၊ ရရှိဖို့ဆိုပြီးတော့ ကြိုးပမ်းခဲ့တာ၊ နောက်ဆုံးတစ်ခုကတော့ လွတ်လပ်ပြီးတဲ့ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ဘယ်လိုလုပ်မယ်ဆိုတာ ကြံစည်ခဲ့တာ၊ တကယ်တော့ ဗိုလ်ချုပ်တို့က လွတ်လပ်တဲ့အချိန်မှာ သူတို့မရှိတော့ဘူး၊ မရှိတော့တဲ့အတွက်ကြောင့် သူတို့က Plan ချပေးခဲ့တဲ့သဘောပဲ ရှိတယ်။ ဒါပေမဲ့ လွတ်လပ်ပြီးတဲ့အခါက စပြီးတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးက တဖြည်းဖြည်းနဲ့ ပျက်လာတယ်၊ စည်းလုံးညီညွတ်မှု ပြိုကွဲလာတဲ့အခါကျတော့ အချုပ်အခြာအာဏာ ထိခိုက်လာတယ်၊ လွတ်လပ်ရေးကို ထိပါးမယ့် အရိပ်အရောင်တွေ တွေ့လာရတယ်၊ ဒါ ယနေ့အထိပါပဲ"ဟု သုံးသပ်ပြောကြားခဲ့သည်။

ဇူလိုင် ၁၉ ရက် နံနက်ခင်းက နေရောင်ဖျော့ဖျော့ထွန်းလင်းတောက်ပလို့နေသည်။ ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးချိန် အချိန် နီးကပ်လာချိန်တွင်မူ မိုးကောင်းကင်သည် ရုတ်ခြည်း အုပ်ဆိုင်းသွားသည်။ ထိုမှတစ်ဆင့် မိုးစက်မိုးပေါက်များအဖြစ် ရွာသွန်းဖြိုးတော့သည်။ နံနက် ၁၀ နာရီ ၃၇ မိနစ်အရောက်တွင်မူ ဝမ်းနည်းခြင်းအထိမ်းအမှတ် ဥဩဆွဲသံများ၊ ကားဟွန်းတီးသံများက အောက်မေ့တမ်းတ လွမ်းမောဖွယ်ရာ ထွက်ပေါ်လာသည်။ ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂုဏ်ကျေးဇူးကို မမေ့သောအားဖြင့် မျိုးဆက်အလီလီသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို အစဉ်တစိုက် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်ခြင်းဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ကျေးဇူးတရားကို တုံ့ပြန်ပေးဆပ်ကြပါစို့။ ။

သတင်းစဉ်သတင်းအဖွဲ့

## ညောင်ဦးမြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားပျောက်ဆုံးမှုလျော့ကျရေး ကွင်းဆင်းစစ်ဆေး

ညောင်ဦး ဇူလိုင် ၁၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ ဝင်ငွေတိုးတက်စေရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းပပျောက်ရေးအတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်းကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းမှစတင်၍ညောင်ဦးမြို့ပေါ် ရပ်ကွက်/ကျေးရွာများအတွင်း လိုက်လံစစ်ဆေးဆောင်ရွက်လျက်ရှိသည်။

အဆိုပါစစ်ဆေးဆောင်ရွက်ခြင်းကို မြို့နယ်လျှပ်စစ်မန်နေဂျာ ဒေါ်အေးအေးဝင်းက ဦးဆောင်၍ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ ဝန်ထမ်းများက ရပ်ကွက်/ကျေးရွာအတွင်းရှိ ထရန်စဖော်မာများ၊ ပါဝါမီတာများနှင့် အိမ်သုံးမီတာများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ တရားမဝင်ဓာတ်အားသုံးစွဲမှုမရှိစေရေး၊ အများပြည်သူများ သုံးစွဲယူနစ်တောင်းခံမှု မှန်ကန်စေရေးနှင့် ဓာတ်အားပျောက်ဆုံးမှုလျော့ချနိုင်စေရေးအတွက် စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဒီပါလင်း






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ဝဇီရာ ရုပ်ရှင်ရုံအတွင်းကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဝဇီရာရုပ်ရှင်ရုံအား ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်နိုင်မည့်အခြေအနေများနှင့် စာဆိုဗိမာန်တည်ဆောက်နေမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၉

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဒါရိုက်တာကြည်စိုးထွန်းနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ဝဇီရာရုပ်ရှင်ရုံအား ဂုဏ်ပြုခံကဇာတ်ရုံ(Red Carpet Theatre)အဖြစ် အဆင့်မြှင့်တင်နိုင်မည့်အခြေအနေများနှင့် စာဆိုဗိမာန် တည်ဆောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ဝဇီရာရုပ်ရှင်ရုံအား ဂုဏ်ပြုခံကဇာတ်ရုံ (Red Carpet Theatre)အဖြစ် အဆင့်မြှင့်တင်နိုင်ရေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝဇီရာရုပ်ရှင်ရုံသို့ ရောက်ရှိကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝဇီရာရုပ်ရှင်ရုံအား ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်နိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ ရုပ်ရှင်ရုံ၏ နောက်ခံသမိုင်းကြောင်း၊ ဗိသုကာဆိုင်ရာထူးခြားမှု၊ ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်အကောင်အထည် ဖော်သွားမည့် လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ပြီးစီးပါက ရရှိလာနိုင်မည့် အကျိုးရလဒ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဒါရိုက်တာကြည်စိုးထွန်းက ဝဇီရာရုပ်ရှင်ရုံ သမိုင်းကြောင်းနှင့် ခေတ်အဆက်ဆက် ရုပ်ရှင်ဇာတ်ကားများ ပြသခဲ့မှုနှင့် ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ မေးမြန်းပြီး ရုပ်ရှင်ရုံအား အဆင့်မြှင့်တင်ခြင်းဆောင်ရွက်ရာတွင် နိုင်ငံတကာအဆင့်မီသည့် ရုပ်ရှင်ရုံတစ်ခုအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရုပ်ရှင်ရုံ၏ ယခင်မူလမှတ်တမ်းဓာတ်ပုံများအား ပြန်လည်စုဆောင်း၍ ယခင်ပုံစံအတိုင်း မူလလက်ရာမပျက်စေဘဲ စနစ်တကျဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရုပ်ရှင်ရုံပတ်ဝန်းကျင်၌ ကားရပ်နားရန်နေရာများ စနစ်တကျဖြစ်စေရေးနှင့် အများပြည်သူသွားလာမှု အဆင်ပြေစေရေး လူသွားစင်္ကြံများအား စနစ်တကျဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဝဇီရာရုပ်ရှင်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အဆိုပါ ဝဇီရာရုပ်ရှင်ရုံသည် ၁၉၂၃ ခုနှစ်ခန့်တွင် တည်ဆောက်ခဲ့ပြီး ၁၆ ရာစုမှ ၁၈ ရာစုအတွင်းရှိ ပြင်သစ်ဗိသုကာအသွင်အပြင်များ ပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာပုံစံများဖြင့် တည်ဆောက်ထားသော ရှေးဟောင်းအဆောက်အအုံတစ်လုံးဖြစ်ပြီး ယခုအခါ အဆိုပါ ဝဇီရာရုပ်ရှင်ရုံအား ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စာဆိုဗိမာန် အဆောက်အအုံတည်ဆောက်ရေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက် ဗိုလ်မင်းခေါင်လမ်းရှိ မြန်မာနိုင်ငံတွင် ပေါ်ထွန်းခဲ့သော စာပေပညာရှင်များနှင့် စာရေးဆရာများကို အသိအမှတ်ပြုချီးမြှင့်သည့် အထိမ်းအမှတ်အနေဖြင့် တည်ဆောက်လျက်ရှိသည့် စာဆိုဗိမာန်အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စာဆိုဗိမာန်အဆောက်အအုံအား သုံးထပ်အဆောက်အအုံအဖြစ် တည်ဆောက်လျက်ရှိမှု၊ အဆောက်အအုံအား စနစ်တကျတည်ဆောက်နိုင်ရေး ကော်မတီများဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးဆောင်ရွက်လျက်ရှိမှု၊ စာဆိုဗိမာန်အား အထပ်အလိုက်ပြခန်းများ ခင်းကျင်းပြသနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုနှင့် ယခင် သုံးထပ်အဆောက်အအုံအား စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်အဖြစ် ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လုပ်ငန်းဆောင်ရွက်မှုများအား **စာမျက်နှာ ၉ သို့❖**

## ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများ လှူဒါန်းပေးပို့ပေးပါရန် မေတ္တာရပ်ခံခြင်း

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ် ၃၂၇ တွင် တည်ရှိသည့် ဝဇီရာရုပ်ရှင်ရုံသည် ၁၉၂၃ ခုနှစ်ခန့်က တည်ဆောက်ခဲ့သည့် ရှေးဟောင်းရုပ်ရှင်ရုံဖြစ်ပြီး ၁၆ ရာစုမှ ၁၈ ရာစုအတွင်းရှိ ဗိသုကာအသွင်အပြင်များ ပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာပုံစံများ၊ ရုပ်လုံးကြွများဖြင့် တန်ဆာဆင်တည်ဆောက်ထားသဖြင့် မြန်မာ့ရုပ်ရှင်သမိုင်းအတွက် ဂုဏ်ယူထိန်းသိမ်းထားရမည့် အဆောက်အအုံကြီးတစ်ခုဖြစ်ပါသည်။ ဝဇီရာရုပ်ရှင်ရုံကြီးသည် ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များက ရုပ်ရှင်ဇာတ်ကားများ၊ ပြဇာတ်များအား ပြည်သူများ အပန်းဖြေပျော်ရွှင်စေရန် တင်ဆက်ပြသခဲ့သည့် ရုပ်ရှင်ရုံကြီးဖြစ်သည့်အတွက် အနုပညာစိတ်ဝိညာဉ်များ ဆုံစည်းရာနေရာတစ်ခုလည်း ဖြစ်ပါသည်။

ယခုအခါ ဝဇီရာရုပ်ရှင်ရုံကြီးအား နိုင်ငံတော်အစိုးရက ဂုဏ်ပြုခံကဇာတ်ရုံကြီး(Red Carpet Theatre)အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး အဆင့်မြှင့်တင်ဆောင်ရွက်ပြီးပါက ရုပ်ရှင်ရုံအဖြစ်သာမက ပြဇာတ်၊ ဇာတ်သဘင်၊ ရုပ်သေး၊ အက၊ ဂီတပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးများ၊ သင်တန်းများ၊ စတူဒီယိုနှင့် အနုပညာဖန်တီးနိုင်သည့်နေရာများအဖြစ်ပါ အသုံးပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် အဆောက်အအုံဆိုင်ရာ အချက်အလက်များ၊ ပုံစံကားချပ်များ၊ ဖျော်ဖြေတင်ဆက်မှုနှင့် ကြည့်ရှုအားပေးမှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံများအား မူရင်းဖြစ်စေ၊ မိတ္တူပွား၍ဖြစ်စေ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ ဆက်သွယ်လှူဒါန်းပေးပါရန် မေတ္တာရပ်ခံ အသိပေးအပ်ပါသည်။

**ဆက်သွယ်ရမည့်ပုဂ္ဂိုလ်များ**

- ဦးရဲလင်းမြင့်၊ ညွှန်ကြားရေးမှူး
  ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
  ၀၉ ၇၉၈၃၇၄၇၀၉၊ ၀၁၇ ၅၃၆၀၃၀
- ဦးချမ်းသာကြည်စိုး၊ တွဲဖက်အတွင်းရေးမှူး(၂)
  မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
  ၀၉ ၇၆၅၆၂၆၇၉

★ **ဝဇီရာရုပ်ရှင်ရုံသည် ၁၉၂၃ ခုနှစ်ခန့်တွင် တည်ဆောက်ခဲ့ပြီး ၁၆ ရာစုမှ ၁၈ ရာစုအတွင်းရှိ ပြင်သစ်ဗိသုကာအသွင်အပြင်များ ပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာပုံစံများဖြင့် တည်ဆောက်ထားသော ရှေးဟောင်းအဆောက်အအုံတစ်လုံးဖြစ်ပြီး ယခုအခါ အဆိုပါ ဝဇီရာရုပ်ရှင်ရုံအား ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်မှုများ ဆောင်ရွက်သွားမည်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စာဆိုဗိမာန်အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးဦးမောင်မောင်အုန်းက ရှင်းလင်းတင်ပြစဉ်။

❖ စာမျက်နှာ ၈ မှ

သတ်မှတ်ကာလအတွင်းပြီးစီးနိုင်ရေးနှင့် အရည်အသွေးပြည့်မီသည့်အဆောက်အအုံများဖြစ်စေရေး စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ စာဆိုဗိမာန်ဆောက်လုပ်ပြီးစီးပါက ဓာတ်ပုံများနှင့် သမိုင်းအထောက်အထားစာရွက်စာတမ်းများအား ခင်းကျင်းပြသရာတွင် ကြည်လင်ပြတ်သားစွာ ပြသထားရှိနိုင်ရန် လိုကြောင်း၊ စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်အဆောက်အအုံအား ပြည်သူများဗဟုသုတဖြစ်စေရန်နှင့် စာဖတ်သည့် အလေ့အကျင့်များ တိုးပွားစေရန် ရည်ရွယ်ဆောင်ရွက်စေခြင်းဖြစ်သဖြင့် ဆိတ်ငြိမ်စွာဖြင့် စာပေဖတ်မှတ်လေ့လာနိုင်ရေး စီမံဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ အဆောက်အအုံလုပ်ငန်းများအပြင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးတို့ကိုလည်း စီမံဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စာဆိုဗိမာန်အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

အဆိုပါစာဆိုဗိမာန် အဆောက်အအုံကို သုံးထပ်အဆောက်အအုံအဖြစ် တည်ဆောက်လျက်ရှိပြီး တည်ဆောက်ပြီးစီးပါက စာပေဖွံ့ဖြိုးမှုဆိုင်ရာ ဆောင်ရွက်မှု သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ စာဖတ်ခန်းနှင့် စာကြည့်တိုက်၊ သမိုင်းဝင်ဂီတအနုပညာများ ခင်းကျင်းပြသမည့် ပြခန်းများ၊ ပေ ပုရပိုက်များ ခင်းကျင်းပြသမည့် ပြခန်းများ၊ သမိုင်းဝင်ကဗျာများ ခင်းကျင်းပြသမည့် ပြခန်းများ၊ စာပေဆုရခဲ့ဖူးသော စာအုပ်စာပေများ ခင်းကျင်းပြသမည့်ပြခန်းများ၊ မြန်မာနိုင်ငံ၌ ထင်ရှားကျော်ကြားခဲ့သည့် ခေတ်သုံးခေတ်မှ စာဆိုတော်ကြီးများ၊ တစ်သက်တာစာပေဆု ရရှိခဲ့ကြသည့် စာပေပညာရှင်များနှင့် ကဗျာဆရာများ၏ ရုပ်တုများထားရှိသည့် ပြခန်းများကို ထည့်သွင်းထားရှိသွားမည် ဖြစ်သည်။

ယခင်စာပေဗိမာန်စာကြည့်တိုက်သည် စာပေဗိမာန် သုံးထပ်အဆောက်အအုံ၏ ပထမထပ်တွင် တည်ရှိပြီး ယခုတိုးတက်လာသည့် လူဦးရေနှင့် မြို့ပြဖွံ့ဖြိုးမှု အခြေအနေများအရ ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် "အမှောင်ခွင်း၍ အလင်းဆောင်အံ့" ဟူသော စာပေဗိမာန်၏ ဆောင်ပုဒ်နှင့်အညီ နိုင်ငံသားများ အသိဉာဏ်ပညာ တိုးပွားစေရန်၊ မြန်မာစာပေဖွံ့ဖြိုးမှုအတွက်အထောက်အကူဖြစ်စေရန်၊ ပြည်သူများဗဟုသုတဖြစ်စေရန်နှင့် စာဖတ်သည့် အလေ့အကျင့်များ တိုးပွားစေရန်ရည်ရွယ်၍ ယခင်အဆောက်အအုံအား ပြန်လည် ပြုပြင်မွမ်းမံ၍ စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်အဖြစ် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

## လေဖိအားနည်းရပ်ဝန်း၏ အရှိန်နှင့် မုတ်သုံလေဆက်လက်အားကောင်းနိုင်ခြင်းကြောင့် နေရာကွက်၍ မိုးကြီးမည်

နေပြည်တော် ဇူလိုင် ၁၉

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အားကောင်းသောအပူပိုင်းမုန်တိုင်း "ဝီဖာ"(WIPHA) သည် အနောက်ဘက်သို့ ရွေ့လျားနိုင်ပြီး တရုတ်နိုင်ငံတောင်ပိုင်းကမ်းခြေဒေသများမှ တစ်ဆင့် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းဒေသများသို့ ဆက်လက်ဖြတ်ကျော်နိုင်ကာ မုန်တိုင်း၏ အကြွင်းအကျန်တိမ်တိုက်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဇူလိုင် ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဖြစ်ပေါ်လာနိုင်မည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ ဆက်လက်အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း ဇူလိုင် ၂၁ ရက်မှ ၂၆ ရက်အတွင်း စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင် ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

၂၁-၇-၂၀၂၅ ရက်နေ့မှ ၂၂-၇-၂၀၂၅ ရက်နေ့အတွင်း
မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ
ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ



၂၃-၇-၂၀၂၅ ရက်နေ့မှ ၂၆-၇-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ
ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ



## ဧရာဝတီမြစ်နှင့် စစ်တောင်းမြစ် မြစ်ကမ်းအနီး မြေနိမ့်ပိုင်းနေထိုင်သူများ ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်

နေပြည်တော် ဇူလိုင် ၁၉

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ စင်တီမီတာကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့်ကျော်လွန်နေပြီး နောက် တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ တောင်ငူမြို့နယ်၊ ဆိပ်သာမြို့နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာ နေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်သည်။

မိုး/ဇလ

# ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုလမ်း ဆက်သွယ်ရေးလမ်းကြောင်း ပြန်လည်ဖွင့်လှစ် ဒေသခံပြည်သူများ ပုံမှန်အတိုင်း ပြန်လည်နေထိုင်သွားလာနိုင်ရေးဆောင်ရွက်



နောင်ချို ဇူလိုင် ၁၉

TNLA၊ DPLA အဖွဲ့များနှင့် MDY-PDF အမည်ခံ အကြမ်းဖက်သမားများ ထိန်းချုပ်ထားသည့် နောင်ချိုမြို့နှင့်တောင်ခမ်း ဆက်သွယ်ရေးလမ်းကြောင်းအား တပ်မတော်စစ်ကြောင်းများက အဆင့်ဆင့်ခြေကုပ်ယူ၍ ချေမှုန်းဆောင်ရွက်ခဲ့ရာ ယင်းလမ်းကြောင်းကို ဇူလိုင် ၁၆ ရက်တွင် သောင်းကျန်းသူများ ယာယီ ထိန်းချုပ်ထားသည့် တောင်ခမ်း ဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို တပ်မတော်က အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသခံပြည်သူများသည် ယာယီနေရပ်စွန့်ခွာနေရာမှ ၎င်းတို့၏ နေရပ်ဒေသများသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**တက်ရောက်**

ဒေသခံပြည်သူများ ပုံမှန်နေထိုင်သွားလာနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နောင်ချိုမြို့ ပြန်လည်ထူထောင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမြို့ စည်ပင်သာယာရေးရုံး၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ဒေသခံတိုင်းရင်းသားပြည်သူများ မူလနေရာများသို့ အမြန်ဆုံးပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ပေးရေးနှင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးယန္တရား အမြန်ဆုံးလည်ပတ်နိုင်ရေး ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦးက နိုင်ငံ့ဝန်ထမ်းများ လုံခြုံရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပညာရေးကိစ္စရပ်များတွင်လည်း ကျောင်းများ အမြန်ဆုံးဖွင့်လှစ်နိုင်ရေးဆောင်ရွက်ရန်နှင့် ကျန်းမာရေးကိစ္စများအတွက် ယာယီဆေးရုံကို ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ဌာနဆိုင်ရာများက လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယာယီဆေးခန်းဖွင့်လှစ်နိုင်ရန်အတွက် နောင်ချိုမြို့ ဗုဒ္ဓသာသနာ့ရောင်ခြည် ဗိမာန်တော်ကြီးသို့ သွားရောက်ကြည့်ရှုပြီး ဟော်တော်ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကာ ကျောင်းထိုင် ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းနှင့်အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နောင်ချိုမြို့သို့ ပြန်လည် ဝင်ရောက်လာသော ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူများ စားသောက်ရေးအတွက် ထောက်ပံ့ ပေးသွားမည်ဖြစ်ကြောင်း၊ နောင်ချိုမြို့နှင့် ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေးနှင့် မြို့သန့်ရှင်း သာယာလှပရေးအတွက် နဂိုမူလအတိုင်း ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ လျှပ်စစ်မီး ရရှိရေးကိုလည်း ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်းနှင့် ပြည်သူများ ယာယီစားသောက်ရေး အဆင်ပြေစေရန် အိမ်ထောင်စုတစ်စုလျှင် ဆန်ရှစ်ပြည်၊ ဆီတစ်ပိဿာ၊ ကုလားပဲ၊ ငါးပိတို့ကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦးက ဒေသခံပြည်သူများ စားဝတ်နေရေးနှင့် လျှပ်စစ်မီးရရှိရေးတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြား၍ နောင်ချိုမြို့ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများကို ပေးအပ်ကာ နောင်ချိုမြို့ ပြည်သူ့ဆေးရုံ၊ အမှတ်(၁)အခြေခံပညာ အထက်တန်း ကျောင်းနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာသို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် DPLA အဖွဲ့ဝင် ၁၂ ဦး လက်နက်/ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်



နေပြည်တော် ဇူလိုင် ၁၉

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာအားရကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိရာ ဇူလိုင် ၁၇ ရက်တွင် TNLA၊ DPLA နှင့် MDY-PDF အဖွဲ့ဝင် စုစုပေါင်း ၁၄ ဦး၊ ဇူလိုင် ၁၈ ရက်တွင် DPLA နှင့် MDY-PDF အဖွဲ့ဝင် ၁၅ ဦး ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရှိရသည်။



အလင်းဝင်ရောက်လာသူတစ်ဦးကို တွေ့ရစဉ်။

ယနေ့တွင်လည်း DPLA အဖွဲ့မှ အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီးတစ်ဦး စုစုပေါင်း ၁၂ ဦးတို့သည် Type-81 အမျိုးအစား သေနတ် ၁၂ လက်၊ ၎င်းကျည် ၁၅၁၅ တောင့်၊ ကျည်အိမ် ၂၁ ခု၊ MA-1 အမျိုးအစား သေနတ်တစ်လက်တို့နှင့်အတူ ဥပဒေဘောင်အတွင်း ထပ်မံဝင်ရောက်လာခဲ့သည်။ အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ ကနဦးပြောကြားချက်များအရ အများစုသည် ရိုးသားစွာ တောင်ယာလုပ်ငန်းလုပ်ကိုင်နေကြသူများဖြစ်ပြီး အကြမ်းဖက်သောင်းကျန်းသူများ၏ အတင်းအဓမ္မခြိမ်းခြောက်ဖမ်းဆီး၍ လူသစ်စုဆောင်းခံရသူများဖြစ်ပြီး သီပေါမြို့၏ အနောက်ဘက် ၁၀ မိုင်ခန့်အကွာ မန်လွယ်ကျေးရွာအနီးတွင် သင်တန်းတက်ရောက်ခဲ့ပြီး သင်တန်းတက်ရောက်ပြီးသည့်အခါ နယ်မြေအလိုက် အခြေပြုလှုပ်ရှားသည့် ကျေးရွာများ၊ တောတွင်းစခန်းများတွင် အနေဆင်းရဲ၊ အစားဆင်းရဲဖြင့် လူ့အခွင့်အရေးများဆုံးရှုံးကာ နည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကိုခံခဲ့ရပြီး အဓမ္မစေခိုင်းချက်အရ အကြမ်းဖက်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ရကြောင်း၊ ၎င်းတို့အဖွဲ့များအတွင်း၌ပင် အချင်းချင်းဗိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်ခံနိုင်ခြင်းမရှိတော့သည့်အတွက် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုသဖြင့် လက်နက်ကိုင်လမ်းစဉ်အားစွန့်လွှတ်၍ ဥပဒေဘောင်အတွင်းဝင်ရောက်ရန်အတွက် နောင်ချိုမြို့နယ် ဆရာအေးကုန်းကျေးရွာ ထိုမှတစ်ဆင့် ကျောက်တောကျေးရွာ ၎င်းမှတစ်ဆင့် လယ်ကြီးတောကျေးရွာ၊ အင်းဝိုင်းကျေးရွာများသို့ အဆင့်ဆင့်ထွက်ခွာလာခဲ့ပြီး ညောင်ထောက်ကျေးရွာသို့ရောက်ရှိစဉ် အဆိုပါကျေးရွာအနီး လုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းထံသို့သတင်းပို့ကာ ယခုကဲ့သို့ ပြန်လည်ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများအား လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်တပ်နယ်၌ပြုလုပ်ရာ တပ်နယ်မှတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် DPLA အဖွဲ့ဝင်များက ၎င်းတို့နှင့်အတူယူဆောင်လာသည့် Type-81 အမျိုးအစား သေနတ် ၁၂ လက်၊ ၎င်းကျည် ၁၅၁၅ တောင့်၊ ကျည်အိမ် ၂၁ ခု၊ MA-1 အမျိုးအစား သေနတ်တစ်လက်တို့ကိုအပ်နှံရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး သေနတ် ၁၃ လက်အတွက် ဆုကြေးငွေကျပ်သိန်း ၆၅၀ နှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် အဆိုပါဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံကြသည်။

ထိုသို့ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲအပ်ပေးလျက်ရှိခြင်းများကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများကို ထိုက်တန်စွာပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အလင်းဝင်ရောက်လာသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

ကျွန်တော် DPLA ကို ရောက်ရှိလာရတဲ့ အဓိကအကြောင်းရင်းကတော့ သူတို့အဖွဲ့ကနေပြီးတော့ တစ်အိမ်တစ်ယောက် မဖြစ်မနေ မဝင်မနေရဆိုပြီး အတင်းအဓမ္မစုဆောင်းခံရလို့ ကျွန်တော်တို့ ရောက်ရှိလာရခြင်း ဖြစ်ပါတယ်။

စာမျက်နှာ ၁၄ သို့❖

# ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများ နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး တပ်မတော်စစ်ကြောင်းများက လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေး



တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို တပ်မတော်က အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် နောင်ချိုမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းသာစွာ အားပေးထောက်ခံကြိုဆိုကြစဉ်။

နေပြည်တော် ဇူလိုင် ၁၉

တပ်မတော်အနေဖြင့် ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် တိုင်းစစ်ဌာနချုပ်နယ်မြေများအလိုက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation)များကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် တောင်ခမ်းဒေသ တစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို တပ်မတော်က အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် နောင်ချိုမြို့ရှိ ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် ဝမ်းသာစွာ အားပေးထောက်ခံကြိုဆိုလျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၁၈ ရက်တွင်လည်း နောင်ချိုမြို့၌ အစိုးရ၏ အုပ်ချုပ်မှု ယန္တရားများဖြစ်သည့် ရုံး/ဌာနများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးဆိုင်ရာများ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများသည် လိုအပ်သည့်ကူညီထောက်ပံ့ရေးပစ္စည်းများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စေတနာရှင် အလှူရှင်များက ပေးပို့လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ အသုံးအဆောင် ပစ္စည်းများ၊ ထောက်ပံ့ပစ္စည်းများနှင့် အတူ ပြန်လည် ရောက်ရှိလာကြပြီး အုပ်ချုပ်မှုယန္တရား ပြန်လည်လည်ပတ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့်လည်း ယာယီနေရပ်စွန့်ခွာ ပြည်သူများ မိမိနေရပ်သို့ ပြန်လည်ဝင်ရောက်လာစဉ် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် နေထိုင်စားသောက်လုပ်ကိုင်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယုတ်မာရက်စက်စွာ လုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းအန္တရာယ်မှ ကင်းဝေးစေရေးအတွက် မိုင်းရှင်းလင်းရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ နောင်ချိုမြို့နယ်အတွင်း မိုင်းရှင်းလင်းရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းသည် ယနေ့နံနက်ပိုင်းတွင် နောင်ချိုမြို့၏ အနောက်မြောက်ဘက် ခုနစ်မိုင်ခန့်အကွာရှိ လောင်ဖန်းကျေးရွာသို့ ရောက်ရှိကြရာ နောင်ချိုမြို့အား အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် ၎င်းတို့ပိုင်ဆိုင်သည့် နေအိမ်အဆောက်အအုံများနှင့် အဖိုးတန်ပစ္စည်းများအား စွန့်ခွာ၍ ယာယီနေရပ်စွန့်ခွာနေရသည့် ဒေသခံ တိုင်းရင်းသား ပြည်သူများနှင့် တွေ့ဆုံခဲ့ရာ ဒေသခံတိုင်းရင်းသား ပြည်သူများသည် တပ်မတော်စစ်ကြောင်းအား ဝမ်းပန်းတသာ ကြိုဆိုနှုတ်ဆက်ကြပြီး ၎င်းတို့၏နေရပ်သို့ပြန်လည် အခြေချနေထိုင်နိုင်ရေးအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန် တပ်မတော်စစ်ကြောင်းထံ အကူအညီတောင်းခံခဲ့ကြသည်။



တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို တပ်မတော်ကအပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် နောင်ချိုမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းသာစွာ အားပေးထောက်ခံကြိုဆိုကြစဉ်။

ထိုသို့ အကူအညီတောင်းခံခဲ့သဖြင့် တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းတို့၏နေရပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ဝင်ရောက် နေထိုင်နိုင်ရေးအတွက် မော်တော်ယာဉ်များ စီစဉ်ပေးခြင်း၊ စားသောက်ရေး အဆင်ပြေစေရန် အတွက် စားသောက်ဖွယ်ရာများ စီစဉ်ထောက်ပံ့ပေးခြင်း၊ ၎င်းတို့၏ အသုံးအဆောင် ပစ္စည်းများအား ကူညီရွှေ့ပြောင်းသယ်ဆောင်ပေးခြင်းများနှင့် အခြားလိုအပ်သည့် ကူညီရေးလုပ်ငန်းများကိုအားတက်သရော ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရာ ယာယီနေရပ်စွန့်ခွာ ပြည်သူများသည် ၎င်းတို့၏နေရပ်သို့ ပြန်လည်ဝင်ရောက်အခြေချနေထိုင်ကြရသည့်အတွက် ဝမ်းသာပျော်ရွှင်လျက်ရှိပြီး ၎င်းတို့၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိခဲ့ရပါသည်-

၁။

အခုလို ပြည်သူပြည်သားတွေကို ပျော်ရွှင်အောင် လုပ်ပေးတယ်။ ပြီးတော့ ဘဝလုံခြုံမှုပေးတယ်။ မြန်မာစစ်သည်တော်တွေအားလုံးကို ကျေးဇူးတင်ပါတယ်။

၂။

ကျေးဇူးတင်ပါတယ် ဆရာတို့အားလုံးကို ပြန်ပြီးကယ်တင်ပေးတဲ့အတွက်ကျေးဇူးတင်ပါတယ်။

၃။ နှစ်ယောက်တွဲ

ကယ်တင်ပေးတဲ့ အတွက်မို့ ကျေးဇူးတင်ပါတယ်။ ပြန်လာကယ်တာကိုလည်း ကျေးဇူးအများကြီး တင်တယ်။

စာမျက်နှာ ၁၄ သို့ ❖



ယာယီနေရပ်စွန့်ခွာပြည်သူများ မိမိနေရပ်သို့ ပြန်လည်ဝင်ရောက်လာစဉ်။



ယာယီနေရပ်စွန့်ခွာပြည်သူများ စားသောက်ရေးအဆင်ပြေစေရန်အတွက် စားသောက်ဖွယ်ရာများ စီစဉ်ထောက်ပံ့ပေးစဉ်။

# မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မစိုးရိမ်တိုက်သစ်မှ ပရိယတ္တိသာသနာတော်ကို ချီးမြှင့်ထောက်ပံ့မြှင့်တင်ဆောင်ရွက်တော်မူကြမည့် သာသနာ့အာဇာနည် အရှင်သူမြတ်များ ပေါ်ထွန်း

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓသာသနာကို တန်ဖိုးအထားဆုံး၊ အလေးအထားဆုံး၊ အထွန်းလင်းအတောက်ပဆုံးနိုင်ငံဖြစ်ပြီး သာသနာတော်အစဉ်မြဲထွန်းလင်းတောက်ပစေရန်အတွက် သာသနာတော်ဆိုင်ရာ စာမေးပွဲများကို နှစ်စဉ်ကျင်းပပေးလျက်ရှိပြီး ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး နှစ်ပေါင်း ၅၀၀၀ မက တည်တံ့ဖြစ်ထွန်း ထွန်းလင်းတောက်ပစေရန် ပရိယတ္တိ၊ ပဋိပတ္တိသာသနာအနက် ပရိယတ္တိသာသနာတော်ကို ချီးမြှင့်ထောက်ပံ့မြှင့်တင်ဆောင်ရွက်တော်မူကြမည့် သာသနာ့အာဇာနည် အရှင်သူမြတ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းလျက်ရှိပါသည်။

၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ဇွန် ၂ ရက်မှ ဇွန် ၆ ရက်အထိ၊ ပါဠိပထမပြန်စာမေးပွဲကို ဇွန် ၄ ရက်မှ ဇွန် ၁၀ ရက်အထိ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးရှိ သတ်မှတ်စာစစ်ဌာနများတွင် ကျင်းပခဲ့ပြီး ဇူလိုင် ၇ ရက်တွင် အောင်စာရင်းများ ထုတ်ပြန်ကြေညာခဲ့သည်။ တိုင်းဒေသကြီးအတွင်းမှ ဓမ္မာစရိယတန်းတွင် (၉၂၃)ပါး၊ ပထမကြီးတန်းတွင် (၂၀၆)ပါး၊ ပထမလတ်တန်းတွင် (၂၄၉)ပါး၊ ပထမငယ်တန်းတွင် (၆၉၁)ပါးနှင့် အခြေပြုမူလအတန်းတွင် (၁၅၃၉)ပါး အောင်မြင်ခဲ့ကြပါသည်။

အဆိုပါစာမေးပွဲများ ကျင်းပနေစဉ်အတွင်း ၂၀၂၅ ခုနှစ် မတ် ၂၈ ရက် မွန်းလွဲပိုင်းက အင်အားအလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်၊ ပျက်စီး၊ သေဆုံးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပြီး စာမေးပွဲကို ယာယီရပ်ဆိုင်းခဲ့ရာမှ ဇွန် ၂ ရက်မှစ၍ ပြန်လည်ကျင်းပခဲ့ပါသည်။

ငလျင်ဘေးကြုံတွေ့နေရသည့် အခက်အခဲများကြားမှ ပြန်လည်ကျင်းပသည့် စာမေးပွဲကို စာဖြေသံဃာတော်များ သဒ္ဓါစွမ်းအား၊ သတိစွမ်းအား၊ သမာဓိစွမ်းအား၊ ပညာစွမ်းအားတို့ဖြင့် ဝင်ရောက်ဖြေဆိုခဲ့ကြရာ မန္တလေးတိုင်းဒေသကြီးမှ အစိုးရဓမ္မာစရိယစာမေးပွဲတွင် သာသနဓဇဓမ္မာစရိယ (အဂ္ဂမဟာအကျော်)(၁)ပါး၊ အထူးအောင်သာသနဓဇဓမ္မာစရိယ(ဒုတိယ)(၁)ပါး၊ အထူးအောင်သာသနဓဇဓမ္မာစရိယ(ပထမ) သီလရှင် (၁)ပါး၊ ပါဠိပထမပြန်စာမေးပွဲ၌ ပထမလတ်တန်းတွင် တစ်နိုင်ငံလုံး(ပထမ)(၁)ပါး၊ အခြေပြုမူလတန်းတွင် တစ်နိုင်ငံလုံး(တတိယ)(၁)ပါးတို့ အောင်မြင်ပေါ်ထွန်းခဲ့ပါသည်။

မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီး၏ ၁၃၈၇ ခုနှစ် (၁၁၉)ကြိမ်မြောက် နယုန်လစာလျှောက်မေးခမ်း သီးခြားစာသင်တန်းနှင့်သီးခြားစာချတန်းကို နှစ်မခြားဘဲအောင်မြင်ခဲ့၍ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယဝဋ္ဋသကာဘွဲ့ရ (၁)ပါး ပေါ်ထွန်းခဲ့ပါသည်။

ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဝဋ္ဋသကာဘွဲ့ရရှိတော်မူသည့် အရှင်သူမြတ်မှာ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဓမ္မဝိနယရုံသီကျောင်းမှ အရှင်ဃောသိတာလင်္ကာရာဘိဝံသဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ကွမ်းအုံအုပ်စု၊ ဆီဆုံကျေးရွာနေ ခမည်းတော် ဦးကျော်အောင်၊ မယ်တော် ဒေါ်ဆွေတို့မှ ၁၃၆၃ခုနှစ်၊ တော်သလင်းလဆန်း (၁၄)ရက် (၂၀၀၁ ခုနှစ် အောက်တိုဘာ ၁ရက်) နေ့တွင် ဖွားမြင်ခဲ့ပါသည်။



အရှင် ဃောသိတာလင်္ကာရာဘိဝံသ

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း (၂)ရက်တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ဆီဆုံရွာ သာသနဝိပုလ္လကာရီကျောင်းဆရာတော် ဘဒ္ဒန္တ ပညာစက္ကကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

၁၃၈၄ခုနှစ်၊ ကဆုန်လပြည့်ကျော်(၈)ရက် (၂၀၂၂ ခုနှစ်၊ မေ ၂၂ ရက်)တွင် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းကတ္တူရပ် နေမင်းပရိယတ္တိစာသင်တိုက် ဝိသုံဂါမသိမ်တော်တွင် မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်၊ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇောတိပါလာလင်္ကာရကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းကတ္တူရပ်နေ ရဟန်းဒါယကာ ဦးကြည်ယုံ၊ ရဟန်းဒါယိကာမ ဒေါ်ဖြူဖြူအောင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

အရှင်ဃောသိတာလင်္ကာရာဘိဝံသည် ရေဦးမြို့နယ်၊ ကွမ်းအုံအုပ်စု၊ ဆီဆုံကျေးရွာ သာသနဝိပုလ္လာကာရီကျောင်း၊ မန္တလေးမြို့၊ နေမင်းပရိယတ္တိစာသင်တိုက်၊ အရာတော်မြို့၊ သီရိမင်္ဂလာကံဦး ပရိယတ္တိစာသင်တိုက်၊ မုံရွာမြို့၊ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်၊ မြတောင်ကျောင်းတိုက်၊ မစိုးရိမ်ကျောင်းတိုက်ရှိ ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို ကြိုးစားအားထုတ်သင်ယူဆည်းပူးခဲ့ပါသည်။

ထိုသို့ ကြိုးစားအားထုတ်သင်ယူဆည်းပူးခဲ့သဖြင့် ၁၃၈၁ ခုနှစ်၊ မန္တလေးမြို့ ပရိယတ္တိသာသနာလင်္ကာရ သာမဏေကျော်ဘွဲ့ကို (ဒုတိယဂုဏ်ထူး)၊ ၁၃၈၅ ခုနှစ်၊ မြင်းခြံမြို့ ပရိယတ္တိသဒ္ဓမ္မပါလအသင်းသီးခြားစာသင်တန်းကို (ပထမဂုဏ်ထူး)၊ ၁၃၈၆ခုနှစ် ၊ မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်း သီးခြားစာသင်တန်းကို (ပထမဂုဏ်ထူး)၊ ၁၃၈၇ ခုနှစ်၊ မန္တလေးမြို့ ပရိယတ္တိသာသနဟိအသင်း သီးခြားစာချတန်း (သုံးကျမ်း)ကို (ပထမဂုဏ်ထူး)တို့ဖြင့် နှစ်မခြားဘဲ အောင်မြင်တော်မူ၍ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဝဋ္ဋသကာဘွဲ့ကို ဆွတ်ခူးရရှိခဲ့ပါသည်။



အရှင် ဇနကာလင်္ကာရ

မန္တလေးမြို့ပရိယတ္တိသာသနဟိတအသင်းကြီးမှ စာမေးပွဲကျင်းပသည့် ၁၂၆၇ ခုနှစ်မှစတင်၍ ယနေ့အချိန်အထိ နှစ်ပေါင်း(၁၂၀)ကျော်အတွင်း ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဝဋ္ဋသကာဘွဲ့ရ ဆရာတော် (ကိုး)ပါးထွန်းကားခဲ့ပြီး ယခုပေါ်ထွန်းခဲ့သည့် သာသနာ့အာဇာနည်မှာ ၁၀ ပါးမြောက်ဖြစ်ပါသည်။

မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီးမှ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဝဋ္ဋသကာဘွဲ့ရရှိတော်မူခဲ့သည်ဆရာတော် ၁၀ ပါးမှာ-

(၁) ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၊ မင်းကွန်းတိပိဋကရေထေရ်၊ ဓမ္မနာဒတိုက်၊ မင်းကွန်း ၁၂၉၆ ခုနှစ်၊ (ပျံလွန်)။

(၂) ဘဒ္ဒန္တဥတ္တမာဘိဝံသ၊ ညောင်ရမ်းကျောင်း၊ မိုးကောင်းတိုက် ၁၂၉၉ ခုနှစ်၊ (ပျံလွန်)။

(၃) ဘဒ္ဒန္တလက္ခဏာဘိဝံသ၊ မိုးကောင်းတိုက် ၁၃၀၉ ခုနှစ်၊ (ဦးကျော်ရှိန်-လူထွက်)။

(၄) ဘဒ္ဒန္တသုမနာဘိဝံသ၊ ထီးလင်းတိုက်၊ မန္တလေးမြို့ ၁၃၁၄ ခုနှစ်၊ (ဦးသောင်းလွင်-လူထွက်)။

(၅) ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၊ ဘုရားကြီးတိုက်၊ မန္တလေးမြို့ ၁၃၁၅ ခုနှစ်၊(ပျံလွန်)။

(၆) ဘဒ္ဒန္တသုနန္ဒာဘိဝံသ၊ ဘုရားကြီးတိုက်၊ မန္တလေးမြို့ ၁၃၁၅ ခုနှစ်၊ (ဦးရွှေအောင်-လူထွက်-ကွယ်လွန်)။

(၇) ဘဒ္ဒန္တနာရဒါဘိဝံသ၊ မြင်းဝန်တိုက်၊ မန္တလေးမြို့ ၁၃၁၅ ခုနှစ်၊ (ဦးထွန်းလှိုင်-လူထွက်-ကွယ်လွန်)။

(၈) ဘဒ္ဒန္တကစ္စာယနာလင်္ကာရာဘိဝံသ၊ ဘုရားကြီးတိုက်၊ မန္တလေးမြို့ ၁၃၁၇ ခုနှစ်၊ (ဗိုလ်ကြီးကျော်နိုင်-လူထွက်)။

(၉) ဘဒ္ဒန္တကောသရာလင်္ကာရာဘိဝံသ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရ ၁၃၄၈ ခုနှစ်၊ (ယခုအောင်ချမ်းသာကျောင်းတိုက်)။

(၁၀) ဘဒ္ဒန္တဃောသိတာလင်္ကာရာဘိဝံသ၊ မစိုးရိမ်တိုက်သစ်၊ မန္တလေးမြို့ ၁၃၈၇ ခုနှစ်တို့ဖြစ်ကြပါသည်။

ယခုအခါတွင် အရှင်ဃောသိတာလင်္ကာရာဘိဝံသသည် သက်တော်(၂၃)နှစ် သိက္ခာတော်(၃)ဝါရှိပြီး မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဓမ္မဝိနယရုံသီကျောင်းနာယကဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ၏ မေတ္တာရိပ်ကို ခိုလှုံ၍ သာသနာ့တာဝန်များကို ထမ်းဆောင်ကာ ကြိုးပမ်းအားထုတ်သီတင်းသုံးတော်မူလျက်ရှိပါသည်။

၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ အောင်မြင်၍သာသနဓဇဓမ္မာစရိယ(အဂ္ဂမဟာကျော်) ပေါ်ထွန်းခဲ့သည့် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဓမ္မဝိနယရုံသီကျောင်းတိုက်မှ သက်တော်(၂၀)၊ သိက္ခာတော်(၁)ဝါရှိ အရှင်ဇနကာလင်္ကာရကို မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ အောင်မင်္ဂလာရပ်ကွက်နေ ခမည်းတော် ဦးနန်းထွန်းနှင့်မယ်တော် ဒေါ်လေးဖြူတို့မှ ၁၃၆၆ ခုနှစ်၊ တော်သလင်းလဆုတ် ၁၄ ရက်တွင် ဖွားမြင်ခဲ့ပါသည်။

၁၃၇၆ ခုနှစ်၊ တပေါင်းလဆုတ်(၆)ရက်တွင် သံဖြူဇရပ်မြို့၊ ဓမ္မာရာမတောရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဓမ္မရက္ခိတာလင်္ကာရကို ဥပဇ္ဈာယ်ပြုလျက် ခမည်းတော်နှင့် မယ်တော်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့လည်းကောင်း၊ ၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၁၅ ရက်တွင် ရန်ကုန်မြို့၊ ဘုရင့်နောင်ရပ်နေ ရဟန်းဒါယကာ ဦးသန်းလွင်မိသားစုတို့၏ ပစ္စယာ နုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့လည်းကောင်း ရောက်ရှိခဲ့ပါသည်။

အရှင်ဇနကာလင်္ကာရသည် သံဖြူဇရပ်မြို့ ဓမ္မာရာမတောရကျောင်းတိုက်၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို ကြိုးစားအားထုတ်သင်ယူဆည်းပူးခဲ့ပါသည်။

ထိုသို့ ကြိုးစားအားထုတ်သင်ယူဆည်းပူးခဲ့သဖြင့် ၁၃၈၂ ခုနှစ်၊ ရန်ကုန်မြို့၊ ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရာမိကဂဏဝါစကသာမဏေကျော်(ပထမဂုဏ်ထူး)၊ ၁၃၈၃ ခုနှစ်၊ ရန်ကုန်မြို့ သာသနာ့ဝန်ဆောင်သာမဏေကျော်၊ ၁၃၈၃ ခုနှစ်၊ ပဲခူးမြို့ ပရိယတ္တိသဒ္ဓမ္မရက္ခိတအသင်းကြီး သာမဏေကျော်လင်္ကာရ၊ ၁၃၈၄ ခုနှစ်၊ မန္တလေးမြို့၊ ပရိယတ္တိသာသနာ့ဟိတအသင်းကြီး သာမဏေကျော်၊ ၁၃၈၄ ခုနှစ်၊ မင်္ဂလာဒုံမြို့၊ ဝိနယာဓိကစာမေးပွဲ (ပထမဂုဏ်ထူး)၊ ၁၃၈၆ ခုနှစ်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ဓမ္မနုဂ္ဂဟဓမ္မာစရိယ(ပထမဂုဏ်ထူး)၊ ၁၃၈၇ ခုနှစ်၊ သာသနဓဇဓမ္မာစရိယ (ပထမအဂ္ဂမဟာအကျော်)ဘွဲ့တို့ကိုရရှိတော်မူခဲ့သည့် သာသနာ့အာဇာနည် တစ်ပါးဖြစ်ပြီး မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ဓမ္မဝိနယရုံသီကျောင်းနာယကဆရာတော်ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ၏ မေတ္တာရိပ်ကိုခိုလှုံ၍ သာသနာ့တာဝန်များကို ထမ်းဆောင်ကာ ကြိုးပမ်းအားထုတ် သီတင်းသုံးတော်မူလျက်ရှိပါသည်။

ပရိယတ္တိသာသနာတော်ကို ချီးမြှင့်ထောက်ပံ့မြှင့်တင်ဆောင်ရွက်တော်မူကြမည့် သာသနာ့အာဇာနည်အရှင်သူမြတ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းလျက်ရှိခြင်းကြောင့် မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာတော်ကြီး နေလပမာ အစဉ်အမြဲထွန်းလင်းတောက်ပနေမည်ဖြစ်ပါကြောင်း ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ရေးသားပူဇော်လိုက်ရပါသည်။

**မျိုးကျော်**

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း (မြစ်ငယ်)တိုးဂိတ်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် လမ်းပိုင်း ဝဲ၊ ယာ တိုးချဲ့ပြုပြင်ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေး





**မန္တလေး ဇူလိုင် ၁၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် အဆောက်အအုံနှင့် ကုန်ရုံဌာန ဌာနမှူး၊ လမ်းတံတားဌာန ဌာနခွဲမှူးနှင့် တာဝန်ရှိသူများလိုက်ပါကာ ယနေ့မွန်းလွဲပိုင်းက အမရပူရမြို့နယ်(မြစ်ငယ်-ထုံးဘို)လမ်းဆုံအနီး (ရန်-မန်း)လမ်းမကြီးပေါ်ရှိ မန္တလေးမြို့အဝင် တိုးဂိတ်သို့ ရောက်ရှိပြီး (မြစ်ငယ်)တိုးဂိတ်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် လမ်းပိုင်း ဝဲ၊ ယာ တိုးချဲ့ပြုပြင်ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးမြို့အဝင်၌ လက်ရှိအမြန်လမ်းပိုင်း ဒုဋ္ဌဝတီတံတားကြီး မန္တလေးလျှင်ကြောင့် ပြိုကျခဲ့သဖြင့် ယခင်လမ်းဟောင်းမှ မန္တလေးသို့ ဝင်ရောက်သည့် ကားကြီး၊ ကားငယ်များအပြင် အမြန်လမ်းပိုင်းမှ ဝင်ရောက်သည့် ယာဉ်ကြီး၊ ယာဉ်ငယ်များအား လေယာဉ်ကွင်းအဝိုင်းမှ ပလိပ်သို့ ဝင်ရောက်ပြီး လမ်းနှစ်လမ်းမှ ယာဉ်များ စုပေါင်းဝင်ရောက်နေခြင်းကြောင့် မြို့အဝင်ယာဉ်ကြောကျပ်တည်းမှု ဖြစ်ပေါ်နေခြင်းနှင့် သန့်ရှင်းသာယာလှပစေရေးတို့အတွက် မြစ်ငယ်တိုးဂိတ်၏ အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းတစ်လျှောက် မြို့တော်စည်ပင်နယ်နိမိတ်အစဖြစ်သည့် (ရန်-မန်း) လမ်းမကြီး (၃၉၂ မိုင် ၄ ဖာလုံ) အထိ စက်ယန္တရားများ အသုံးပြု၍ အရှေ့ဘက်ခြမ်း၌ ၁၂ ပေခန့် အကျယ် တစ်လမ်းသွားလမ်း၊ အနောက်ဘက်ခြမ်းတွင် စက်ဘီး၊ ဆိုင်ကယ်လမ်း အပါအဝင် လေးလမ်းသွားလမ်း ပြုလုပ်ရန်အတွက် တိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းခွင်၌ အခြေခံအလွှာပြုပြင်ပြီး ကျောက်ပျက်ခင်းကျင်းဆောင်ရွက်နေမှုများကို လမ်းတံတားဌာန ဌာနခွဲမှူးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က လမ်းတိုးချဲ့ခြင်းလုပ်ငန်း အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန် ဖြည့်စွက်မှာကြားသည်။



ဆက်လက်၍ မြို့တော်ဝန်က မန္တလေးမြို့ အဝင်တိုးဂိတ်ဖြစ်သည့်အပြင် ယခုအခါ အမြန်လမ်းဘက်မှ ဝင်ရောက်သည့် ယာဉ်ငယ်များ၊ မူလလမ်းဟောင်းအသုံးပြု ကုန်တင်ယာဉ်ကြီးများနှင့် ယာဉ်ငယ်များ ပေါင်းစပ်ဝင်ရောက်နေမှုများကြောင့် ယခုမြစ်ငယ်တိုးဂိတ်အား တစ်ဖက်မူလအရှေ့ဘက်ခြမ်း ငါးလမ်းသွား၊ အနောက်ဘက်ခြမ်း သုံးလမ်းသွားဖြစ်နေခြင်းကို အနောက်ခြမ်းတွင် လေးလမ်းသွားနှင့် စက်ဘီး၊ ဆိုင်ကယ်များအတွက် သီးခြားလမ်း တစ်လမ်းစီ တိုးချဲ့တည်ဆောက်ရန်အတွက် အမြန်ဆုံးပြန်လည်ပြုပြင်မှုများဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး အဆောက်အအုံနှင့် ကုန်ရုံဌာန ဌာနမှူးအား တိုးဂိတ်အဆောက်အအုံကို တိုးချဲ့၍ အဆင့်မြှင့်တင် တည်ဆောက်ရေးနှင့် တိုးဂိတ် ဝဲ၊ ယာတွင် နေအိမ်များ၊ ဆိုင်များ၊ ဓာတ်ဆီဆိုင်များအား ကောင်းမွန်စွာ မျက်နှာစာတစ်လျှောက် ပြုပြင်ရေး၊ ချုံနွယ်သစ်ပင်ကြီးများရှင်းလင်းရန်နှင့် ဓာတ်မီးတိုင်များ မလွတ်ကင်းမှုအတွက် ဝဲ၊ယာ အမြန်ရွှေ့ပြောင်း ရေးကိစ္စ လျှပ်စစ်ဌာနနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန်မှာကြားခဲ့သည်။

ထို့အပြင် ဆက်စပ်လမ်းပိုင်း ကုမ္ပဏီ၏ BOT လမ်းပိုင်းအားလည်း ယခုတိုးဂိတ်ပြုပြင်နေမှုနှင့် အတူ တစ်ပြိုင်တည်း ပြီးစီးရေး ညှိနှိုင်းဆောင်ရွက်ရန် မှာကြားခဲ့သည်။

ယခု မြစ်ငယ်တိုးဂိတ်အား လမ်းပိုင်းများ တိုးချဲ့ပြီးစီးပါက ဂိတ်အဝင် ကျပ်တည်းမှုများဖြစ်ပေါ်နေခြင်းအား ယာဉ်ကြောများ ရှင်းလင်းနိုင်မည်ဖြစ်ကြောင်းနှင့် အမြန်ဆုံးပြီးစီးရေးစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**ငါန်းဇွန် ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ရွာသစ်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကိုထုတ်ချေးခြင်းကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက ရွာသစ်ကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဝင်းကျော်က ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေမည့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၂ ဒသမ ၅၀ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

**(အောက်ဝဲပုံ)**

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ငါန်းဇွန်မြို့နယ်၊ ရွာသစ်ကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၉၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းအပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂ ဒသမ ၅၀သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(ဝ၄ဝ)



## အာဇာနည်နေ့ ရုံးပိတ်ရက်ဖြစ်သောကြောင့် ရတနာပုံဥယျာဉ်အတွင်း အနားယူအပန်းဖြေသူများဖြင့် စည်ကားလျက်ရှိ

**မန္တလေး ဇူလိုင် ၁၉**

အာဇာနည်နေ့ ရုံးပိတ်ရက်ဖြစ်သောကြောင့် ရတနာပုံဥယျာဉ်၌ ယနေ့ညနေပိုင်းတွင် အနားယူအပန်းဖြေသူများနှင့် စည်ကားလျက်ရှိသည်။ **(အောက်ပုံ)**

ရတနာပုံ ဥယျာဉ်အတွင်း၌ ယနေ့ညနေပိုင်းတွင် အပန်းဖြေသူများ၊ အပျော်စက်ဘီးစီးကြသူများ၊ မိသားစုလိုက် အပန်းဖြေလာကြသူများ၊ ရပ်ဝေး၊ရပ်နီးမှ လာရောက်လည်ပတ်ကြသည့် ဧည့်သည်များဖြင့် အပန်းဖြေအနားလာယူသူများဖြင့် ပိုမိုများပြားစည်ကားလျက်ရှိသည်။

ထို့ပြင် မန္တလေးမြို့ သမိုင်းဝင် ကုသိုလ်တော်ဘုရားဝင်းနှင့် စန္ဒာမုနိဘုရား၊ ကျောက်တော်ကြီးဘုရား၊ မန္တလေးတောင်တော်၊ ဦးပိန်တံတားတို့တွင် လာရောက်လည်ပတ်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး အောင်တော်မူဆုတောင်း ပြည့်ဘုရားတွင်လည်း ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-ဖ)**



❖ စာမျက်နှာ ၁၁ မှ

၄။

၆ လပိုင်း ၂၅ ရက်နေ့က တိုက်ပွဲဖြစ်တယ်။ အဲဒီနေ့ကစပြီး မိသားစုတွေ တကွဲတပြားစီဖြစ်တယ်။ မန္တလေးရောက်၊ ဟိုရောက်ဒီရောက်နဲ့ တကွဲတပြားစီ ဖြစ်ကြတယ်။ အခုချိန်ထိ တကွဲတပြားစီပါပဲ။ စစ်တပ်ကလာပြီးအခုလိုရှင်းလင်းပြီးတော့ လုပ်ကိုင်ပေးတဲ့အတွက်၊ အကုန်လုံးကို အစစအရာရာလာပြီး ကူညီပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ နောင်လည်းဒီလိုပဲ အမြဲတမ်း အမြဲမပြတ်စောင့်ရှောက်ပေးဖို့ ပြောချင်ပါတယ်။

၅။

ခုလိုဖြစ်လာမယ်ဆိုတာတော့ ကျွန်မယုံကြည်တယ်။ ဒီလိုအမြန်လုပ်ဆောင်ခဲ့မယ်လို့ မထင်ထားဘူးလေ။ ဒီလိုဖြစ်လာတော့ အတိုင်းမသိဝမ်းသာပြီး ဘာပြောရမှန်းမသိဘူး။ မိသားစုတွေ ခုလိုစုံစုံလင်လင်နေရမယ်၊ လုပ်ငန်းကိုင်ငန်းတွေ ပုံမှန်လည်ပတ်လို့ရမယ်ဆိုတော့ ပျော်လို့ဘာပြောရမှန်းကိုမသိဘူး။ တပ်မတော်ကြီးကိုလည်း အများကြီးကျေးဇူးတင်မိတယ်။ အဲဒီလိုပဲပြောချင်တယ်။

၆။

ကျွန်မတို့ရွာဘက်မှာ ၁၅ ရက်ကျော်ပါတယ်။ မိသားစုတွေလည်း မတွေ့ရပါဘူး။ စစ်တပ်ရောက်လာတော့ ကျွန်မတို့အများကြီးပျော်ပြီး အများကြီးဝမ်းသာပါတယ်။

၇။

ကိုယ့်မြို့ကိုယ့်ရွာကို ပြန်ခွင့်ရှိတာကို အများကြီးကျေးဇူးတင်ပါတယ်ခင်ဗျာ။


၁


၂


၃


၄


၅


၆


၇

## စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ပုသိမ်ကြီး)၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**ပုသိမ်ကြီး ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်ရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ပုသိမ်ကြီး)တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၈ရက် နံနက် ၇နာရီက အဆိုပါ ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတော်တွင် သင်ရိုးပြင်ပ ကျောင်းတွင်းလှုပ်ရှားမှုအနေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ ပုသိမ်ကြီး၊ လုံပီး၊ ရွှေဘို၊ ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မြို့နယ်သစ်တောဦးစီးဌာနနှင့် ဖိတ်ကြားထားသည့် ဌာနဆိုင်ရာများက ကျွန်းသစ်အမျိုးအစား ပျိုးပင်ပေါင်း ၃၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**(အောက်ပုံ)**

အခမ်းအနားသို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ပုသိမ်ကြီး) ကျောင်းအုပ်ကြီး ဦးခင်မောင်ထွေး၊ (လုံပီး)ကျောင်းအုပ်ကြီး ဒေါ်ဥမ္မာကျော်၊ (ရွှေဘို)ကျောင်းအုပ်ကြီး ဒေါ်မြတ်မြတ်သစ်၊ ဆည်၊ ရေ (ရေအရင်းအမြစ်ဦးစီးဌာန) ဦးစီးအရာရှိ ဦးအောင်ဇော်မင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်၊ မြို့နယ်သစ်တောဦးစီးဌာနဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူ ၄၄၄ ဦးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ဝ၉၅)**



## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းများဆောင်ရွက်

**စစ်ကိုင်း ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်သည့်အနေဖြင့် ဖုံး၊ သွန်၊ လဲ၊ စစ်ခြင်း၊ အဘိတ်ဆေး (Abate) ခတ်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြို့ပေါ်(၅)ရပ်ကွက်နှင့် အခြေခံပညာကျောင်းများရှိ ရေသိုလှောင်ရာနေရာများတွင် ဆောင်ရွက်ပေးခဲ့သည်။ **(အပေါ်ပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် စဉ့်ကိုင်မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအေးလွင် ဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မိုးရာသီကာလအတွင်း ခြင်၊ ပိုးလောက်လမ်းများ ပေါက်ဖွားမှုမရှိစေရန်နှင့် ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရန်အတွက် မြို့ပေါ်(၅)ရပ်ကွက်နှင့် အခြေခံပညာကျောင်းများရှိ ရေသိုလှောင်ရာနေရာများတွင် ဖုံး၊ သွန်၊ လဲ၊ စစ်ခြင်း ဆောင်ရွက်ပြီး ရေကန်များအတွင်း အဘိတ်ဆေး (Abate) ခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းနှင့် ဆောင်ရွက်ရန်ကျန်ရှိနေသည့် ဌာနဆိုင်ရာရုံးများနှင့် အခြေခံပညာကျောင်းများသို့ ဖုံး၊ သွန်၊ လဲ၊ စစ်ခြင်း၊ အဘိတ်ဆေး (Abate) ခပ်ခြင်း လုပ်ငန်းများအား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**(၃၉၉)**

၀-၀-၀-၀-၀-၀

## နေအိမ် ရှစ်လုံး မီးလောင်မှုဖြစ်ပွား

**မန္တလေး ဇူလိုင် ၁၉**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ၃၆ လမ်း၊ လမ်း ၇၀ နှင့် ၇၁ လမ်းကြားတွင် ယနေ့ည ၇ နာရီ ၅၇ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**



ဖြစ်စဉ်မှာ Blue Tooth Speaker Box အားသွင်းထားရာမှ ဘက်ထရီပွင့်ထွက်ပြီး မီးလောင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါမီးလောင်မှုကြောင့် နေအိမ် ရှစ်လုံး ဆုံးရှုံးခဲ့ပြီး တာဝန်ရှိသူများက အရေးယူဆောင်ရွက်လျက်ရှိသည်။

မီးလောင်မှု ဖြစ်စဉ်ကို ည ၈ နာရီကျော်တွင် သတင်းရရှိပြီး မြို့နယ်အတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေ ပြည်သူများ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ည ၈ နာရီ ၁၆ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် နေအိမ် ရှစ်လုံး ဆုံးရှုံးခဲ့ပြီး ၄င်းမီးလောင်မှုကြောင့် မီးဘေးသင့် အိမ်ထောင်စု ၁၃ စု၊ ကျား ၁၅ ဦး၊ မ ၂၂ ဦး၊ စုစုပေါင်း ၃၇ ဦးတို့အား ၃၇ လမ်းနှင့် ၃၈လမ်းကြား၊ လမ်း၇၀ နှင့် ၇၂လမ်းကြားရှိ စီးတော်မြင်းဝင် ကျောင်းတိုက်အတွင်းရှိ ဗိမာန်တွင် ယာယီနေရာချထားပေးခဲ့သည်။

အဆိုပါ မီးလောင်မှုကို တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၃၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၇၀ ဦး၊ စုစုပေါင်း ၁၀၀ ဦးတို့ဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀

❖ စာမျက်နှာ ၁၀ မှ

ဒီအဖွဲ့ထဲ မဝင်လို့ရှိရင် မိသားစုတွေကို သတ်ဖြတ်မယ်။ ကျွန်တော်တို့ဆွေမျိုးတွေကို ဒုက္ခပေးမယ်ဆိုပြီး ခြိမ်းခြောက်လို့ဝင်ရောက်လာရတာ ဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော်တို့အနေနဲ့ ပလောင်တွေရဲ့ လူမျိုးရေးခွဲခြားဆက်ဆံတာကိုလည်း ကြုံတွေ့ခဲ့ရတယ်ခင်ဗျာ။ ဒီသင်တန်းအတွင်းမှာလည်း အစားအသောက်တွေ၊ အနေအထိုင်တွေလည်း ဆင်းဆင်းရဲရဲနဲ့ နေထိုင်စားသောက်ခဲ့ရတယ်။ ဒီသင်တန်းပြီးလို့ ရှေ့တန်းကို ပို့တဲ့အခါမှာလည်း ကျွန်တော်တို့ကို ရှေ့ကနေတိုက်ခိုင်းတယ်။ သူတို့က နောက်မှာပဲနေတယ်ဗျာ။ ကျွန်တော်တို့က ဆုတ်ခွာလာခဲ့ရင်တောင် သူတို့က ပစ်သတ်မယ်လို့ ခြိမ်းခြောက်တယ်ဗျာ။ လက်နက်အားမမျှလို့ ဆုတ်တဲ့အခါမှာလည်း တကယ်ပစ်သတ်ခဲ့တာတွေကို ကျွန်တော်တို့ မျက်မြင်ကြုံတွေ့ခဲ့ရတယ်။ တပ်မတော်ကနေပြီးတော့ အင်အားအလုံးအရင်းနဲ့ ထိုးလာတဲ့အခါမှာ စိတ်ဓာတ်အရမ်းကျတယ်။ အဲဒါကြောင့် ကိုယ့်အသက်ကို မသေအောင်ဆိုပြီးတော့ ပုန်းအောင်းပြီးတော့လည်း နေတယ်။ နေရတာလည်း နေရခက်တယ်ဗျာ။

အခုအချိန်မှာဆိုရင် လူအင်အား လက်နက်အားမမျှတဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့ လူကြီးတွေကို တပ်မတော်သားတွေကို အများကြီးသတ်ဖြတ်ခဲ့ပြီး လက်နက်ခဲယမ်းတွေ အများအပြား သိမ်းဆည်းရရှိခဲ့တယ်လို့ လိမ်ညာပြီး တင်ပြခဲ့တာလည်းရှိခဲ့တယ်ဗျာ။ နောင်ချို့ ကျရင် ကျွန်တော်တို့ကို သတ်မယ်လို့ ခြိမ်းခြောက်ခဲ့တဲ့အတွက် ဒီတပ်မတော်ထဲကို ဝင်ရောက်ပြီးတော့ အလင်းဝင်ရောက်လာခဲ့တာ ဖြစ်ပါတယ်။ တပ်မတော်သားတွေကို သူတို့အဖွဲ့ထဲသို့ အလင်းဝင်မယ်ဆိုရင် ငွေကြေးတွေလည်း ထောက်ပံ့ပေးမယ်ဆိုပြီး ပြောခဲ့ပါတယ်။

တကယ်တမ်း လက်တွေ့မှာကျတော့ လက်နက်တွေယူပြီးတော့ လူတွေကို ညှဉ်းပန်းနှိပ်စက်တာတွေလည်း တွေ့ခဲ့တယ်ခင်ဗျာ။ ကျွန်တော်တို့ မြန်မာ့တပ်မတော်ထဲကို အလင်းဝင်လာတဲ့အခါမှာ မညှဉ်းပန်းမနှိပ်စက်ဘဲနဲ့ နွေးနွေးထွေးထွေးကြိုဆိုတဲ့အတွက် ဝမ်းသာမိပါတယ်ခင်ဗျာ။ ကျွန်တော်တို့အဖွဲ့အနေနဲ့ တိုက်ပွဲတွေတိုက်ခိုက်ခဲ့တဲ့အချိန်မှာ ပြည်သူတွေရဲ့ပစ္စည်းတွေ အများအပြား ပျက်စီးဆုံးရှုံးခဲ့တာတွေရှိခဲ့တယ်။ စိုက်ပျိုးသီးနှံတွေ ပျက်စီးခဲ့တာတွေလည်း ရှိခဲ့တယ်။ အဲဒီအတွက်လည်း ပြည်သူလူထုကို ကျွန်တော့်အနေနဲ့ ဒီနေရာကပဲ ခွင့်လွှတ်ပေးပါလို့ တောင်းပန်ချင်ပါတယ်။ ကျွန်တော်တို့ တောင်ခမ်းနဲ့ နောင်ချိုကြားမှာရှိတဲ့ ပြည်သူတွေအိမ်မှာ ခေတ္တခဏဝင်နေတဲ့အချိန်မှာ သူတို့တွေက ပြည်သူ့ပစ္စည်းတွေကို လုယက်တာတွေ၊ မတရားယူတာတွေကို တွေ့ခဲ့ရတယ်ခင်ဗျာ။ ကျွန်တော့်အနေနဲ့ ဒီအဖွဲ့ရဲ့ လုပ်ရပ်တွေကို တဖြည်းဖြည်းနဲ့ ရွံရှာစက်ဆုပ်မိတယ်ဗျာ။ အဲဒါကြောင့် အဲဒီအဖွဲ့ကနေထွက်ပြီးတော့ မြန်မာ့တပ်မတော်ထဲကို အလင်းဝင်လာရခြင်းဖြစ်တယ်ဗျာ။ ကျွန်တော်တို့ရောက်လာတာ နောက်ကျတဲ့အတွက် နောင်တရမိပါတယ်ဗျာ။

သတင်းစဉ်

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

# ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသတွင် ကျင်းပမည့် Food Expo Pro 2025 တွင် မြန်မာလုပ်ငန်းရှင်များ ပါဝင်ပြသရန် ဖိတ်ခေါ်ထား

**မန္တလေး ဇူလိုင် ၁၉**

ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ Hong Kong Convention and Exhibition Center ၌ ဩဂုတ်လအတွင်း ကျင်းပမည့် Food Expo Pro 2025 ပြပွဲသို့ မြန်မာလုပ်ငန်းရှင်များ လာရောက်ပြသရန် ဖိတ်ခေါ်ထားကြောင်း မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ သိရသည်။

အဆိုပါ ပြပွဲကို ဩဂုတ် ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်ကြာ ကျင်းပမည်ဖြစ်ပြီး ပထမနှစ်ရက်မှာ ကုန်သည်လုပ်ငန်းရှင်များ သီးသန့်ဖြစ်ပြီး ပြပွဲနောက်ဆုံးရက်ဖြစ်သည့် ၁၆ ရက်တွင် အများပြည်သူများ လာရောက်နိုင်မည် ဖြစ်သည်။

Food Expo Pro 2025 ပြပွဲတွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဟောင်ကောင်မြို့မှရရှိသည့် ပြခန်းတစ်ခန်း(အခမဲ့)တွင် မြန်မာနိုင်ငံမှ လာရောက်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲသို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သတင်းထုတ်ပြန်ထားသည်။

(မန္တလေးနေ့စဉ်-၈)

# မန္တလေးဒေသကောလိပ် ကျောင်းသားဟောင်းများ ဖောင်ဒေးရှင်း အသက်(၈၅)နှစ်နှင့်အထက် ဆရာ၊ ဆရာမကြီးများအား ကျန်းမာရေးစောင့်ရှောက်

**မန္တလေး ဇူလိုင် ၁၉**



မန္တလေးဒေသကောလိပ် ကျောင်းသားဟောင်းများ ဖောင်ဒေးရှင်းက ဦးဆောင်၍ မန္တလေး ဒေသကောလိပ် All Regional အာစရိယပူဇော်ပွဲကို နှစ်နှစ် တစ်ကြိမ် ကျင်းပလျက်ရှိသည်။ ဆရာကန်တော့ပွဲများ၏ ကြားကာလ အတွင်း ဆရာ၊ ဆရာမကြီးများ မကျန်းမာ၍ ဆေးရုံတက် ဆေးကုသမှုခံယူရလျှင်ဖြစ်စေ၊ ရာသက်ပန် နာမကျန်းဖြစ်လျှင်ဖြစ်စေ ကျောင်းသား၊ ကျောင်းသူဟောင်းများက ဆရာကန်တော့ပွဲအတွက် လှူဒါန်းငွေများနှင့် ဘဏ်တွင် အပ်နှံရရှိသည့် အတိုးငွေများ ထုတ်၍ ကျန်းမာရေးစောင့်ရှောက်မှု ဂါရဝပြုပေးအပ်လျက်ရှိသည်။

မန္တလေးဒေသကောလိပ် ကျောင်းသားဟောင်းများဖောင်ဒေးရှင်းသည် All Regional ၏ ကန်တော့ခံ ဆရာ၊ ဆရာမကြီးများက အသက်(၈၅)နှစ်အထက်၊ အသက်(၈၀)နှစ်နှင့်အထက် ဆရာ၊ ဆရာမကြီးများကို ကျန်းမာရေးအထောက်အကူပြုထောက်ပံ့ငွေများဖြင့် ရာသက်ပန် ဂါရဝပြုထောက်ပံ့လျက်ရှိရာ ဇူလိုင်လမှ ဒီဇင်ဘာလအထိ ခြောက်လအတွက် ဂါရဝပြုငွေကျပ်နှစ်သိန်းနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများမှ စုပေါင်းကုသိုလ်ပြု ကန်တော့ ငွေကျပ် ၇၅,၀၀၀၊ စုစုပေါင်းငွေကျပ် ၂၇၅,၀၀၀ ကို မန္တလေးဒေသကောလိပ်ကျောင်းသားဟောင်းများဖောင်ဒေးရှင်း အမှုဆောင်များက ကန်တော့ခံ ဆရာကြီး ဦးတင်မောင်(ဓာတုဗေဒ)ထံ ပေးအပ်ဂါရဝပြုခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၀၄၅)




တံတားနှင့်လမ်း၊ ဆေးခန်းနှင့် ကျောင်း၊
ဆည်မြောင်းနှင့် ကန်၊
သစ်ပင်ရုံမှ သဏ္ဍာန်လှပ ပန်းရလိမ့်။

# ဆင်ပေါင်ဝဲမြို့၌ Book Club အသင်း စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ဆင်ပေါင်ဝဲ ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်မြတ်နိုးသူများအသင်း ပူးပေါင်း၍ Book Club အသင်း စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီက ဆင်ပေါင်ဝဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (Community Centre) ခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်းက စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ စာဖတ်ရှုခြင်းဖြင့် ရရှိလာသော အသိပညာ ဗဟုသုတများကို စာဖတ်သူအချင်းချင်း အပြန်အလှန် ဆွေးနွေးနိုင်ရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် Book Club အဖွဲ့ဝင်များက စာရေးဆရာမ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်) ရေးသားသည့် "အတွေး မှန်ကူကွက်များ" စာအုပ်တွင် ပါရှိသည့် အကြောင်းအရာများကို ဆွေးနွေးကြရာ Book Club အဖွဲ့ဝင် ဦးထက်မြတ်စိုးက "ကျောင်းဆရာကြိုက်မိတဲ့ စာတစ်ပုဒ်၊ အလိုလျောက် ပေါ်ပေါက်ထွန်းကားလာခဲ့သော ရှေးဟောင်းတက္ကသိုလ်များ" ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် စာပေချစ်သူများကလည်း မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

(ယာပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

# တံခါးကြီး ခုနစ်ပေါက်

* ခန္ဓာနှင့် မျက်နှာ
အချိုးကျကာ ရှုမြင်စရာ
နား ၊ နှာခေါင်း ၊ မျက်စိ
အားလုံးအသိ နှစ်ပေါက်သာရှိ
သိတာဖြေ ကြားတာပြော
ပါးစပ်၏ သဘော
မနောအသိ... တစ်ပေါက်သာရှိ ။

* မျက်စိက နှစ်လုံး
မျက်ခုံးအောက်မှာ မျက်ခွံဖုံး
ဆုံးဖြတ်ဖို့ သုံး
ကြည့်ဖို့ တစ်လုံး
ဘာဝနာအတွက်... အမြတ်ဆုံး ။

* နှာခေါင်းက နှစ်ပေါက်
တစ်ပေါက်က ရှူ
တစ်ပေါက်က မှတ်
ရှူမှတ်ဖို့ သုံး
ဝိပဿနာအတွက်... အကောင်းဆုံး ။

* နားက နှစ်ဖက်
တစ်ဖက်က ထောင်
တစ်ဖက်က ဆောင်
ဆောင်ထောင်ကို သုံး
ဆုံးဖြတ်ရာအတွက်... အမြတ်ဆုံး ။

* ပါးစပ်က တစ်ပေါက်
ရှေ့နောက်ဆို သိဖို့လို
အပိုဆို လျှာအလိုမသုံး
စကားလုံးက နုတ်ဆေးလုံး
လိမ္မာစွာ ချိုသာသုံးသော်လည်း
မုသားမှာ မာယာဖုံးက
လောကအတွက်... အကျည်းတန်ဆုံး ။

အိုးဝေ(မြေနီကျင်း)



# ဗီယက်နမ်နိုင်ငံ၌ ယာဉ်စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ထောက်လှမ်းရေး ကင်မရာများ တပ်ဆင်အသုံးပြု



**ဟနွိုင်း ဇူလိုင် ၁၉**

ဗီယက်နမ်နိုင်ငံ မြို့တော် ဟနွိုင်းရှိ လမ်းများပေါ်တွင် ယာဉ်စည်းကမ်းချိုးဖောက်မှုများကို အလိုအလျောက်မှတ်တမ်းတင်နိုင်သည့် ဉာဏ်ရည်တုနည်းပညာကင်မရာများကို တပ်ဆင်အသုံးပြုနေကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနလက်အောက်ရှိ ယာဉ်ထိန်းရဲဌာနက ယနေ့ပြောကြားသည်။

အဆိုပါစနစ်သည် လမ်းမများပေါ်တွင် တာဝန်ထမ်းဆောင်သည့် ယာဉ်ထိန်းရဲများ၏ လိုအပ်မှုကို လျှော့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ဉာဏ်ရည်တု နည်းပညာသုံး ကင်မရာများသည် ယာဉ်စည်းကမ်းချိုးဖောက်ခဲ့သော တည်နေရာ၊ အချိန်နှင့် သီးခြားဖြစ်မှုစသည့် အသေးစိတ်အချက်အလက်များအပါအဝင် ချိုးဖောက်မှုပုံရိပ်များနှင့် ဗီဒီယိုဖိုင်များကို အလိုအလျောက် မှတ်တမ်းတင်ပေးမည်ဖြစ်ကြောင်း ယာဉ်ထိန်းရဲဌာန၏ လက်ထောက်ညွှန်ကြားရေးမှူး ဖမ်ကွမ်ဟောက ပြောကြားသည်။

လက်ရှိတွင် အဆိုပါကင်မရာများက မော်တော်ကားနှင့် ဆိုင်ကယ်များပါဝင်သည့် ယာဉ်စည်းကမ်းချိုးဖောက်မှု အမျိုးအစား ၂၀ ခန့်ကို မှတ်တမ်းတင်နိုင်ပြီး ၎င်းတို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်အတွက် ကြိုးပမ်းနေကြောင်း ဖမ်ကွမ်ဟောက ဆက်လက်ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ**

**ဘာသာပြန်–အောင်ကျော်ကျော်**

# INTERNATIONAL NEWS

# နိုင်ငံတကာသတင်းများ



## ပင်နီဇွဲလား၌ ဖမ်းဆီးခံထားရသော အမေရိကန်နိုင်ငံသားများနှင့် အယ်လ်ဆာဗေဒိုနိုင်ငံရှိ ပင်နီဇွဲလားအကျဉ်းသားများ လဲလှယ်

**ဆန်ဆာလ်ဗေဒို ဇူလိုင် ၁၉**

အယ်လ်ဆာဗေဒိုနိုင်ငံက ဗင်နီဇွဲလားနိုင်ငံသား ၂၅၀ ခန့်ကို ဖမ်းဆီးထားရာက ဗင်နီဇွဲလား၌ ဖမ်းဆီးခံထားရသော အမေရိကန်နိုင်ငံသားများနှင့် လဲလှယ်သည့်အနေဖြင့် ပြန်ပို့ပေးနေပြီဟု အမေရိကန်နှင့် အယ်လ်ဆာဗေဒို အစိုးရတို့က ကြေညာခဲ့ကြောင်း သိရသည်။

အလယ်အမေရိကနိုင်ငံ ဖြစ်သောအယ်လ်ဆာဗေဒိုသည် အမေရိကန်ပြည်ထောင်စုမှ ပြည်နှင်ဒဏ်ပေးခံရပြီး နာမည်ဆိုးဖြင့် ကျော်ကြားသော အကြမ်းဖက်မှုထိန်းချုပ်ရေး ဗဟိုအကျဉ်းထောင်တွင် ချုပ်နှောင်ခံထားရသည့် ရွှေ့ပြောင်းနေထိုင်သူများကို လွှတ်ပေးရန်အတွက် ဗင်နီဇွဲလားနိုင်ငံက အမေရိကန်နိုင်ငံသား ၁၀ ဦးနှင့် လဲလှယ်ခြင်းဖြစ်သည်။

ယခုလို ပြန်လွှတ်ပေးပြီးနောက် ဗင်နီဇွဲလားနိုင်ငံတွင် အမေရိကန်အကျဉ်းသား တစ်ဦးတစ်ယောက်မျှ ရှိတော့မည်မဟုတ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

# ကျီရှိုးဟင်းသီးဟင်းရွက်ဈေးသို့ ပို့ဆောင်ပေးသည့် အထူးဘတ်စ်ကားလိုင်း တောင်သူလယ်သမားများ၏ ပို့ဆောင်ရေးပြဿနာကို ဖြေရှင်းပေးနေ

**ပေကျင်း ဇူလိုင် ၁၉**

တရုတ်နိုင်ငံ ဟူနန်ပြည်နယ်၊ ရှန်းရှီးထူကျားနှင့်မျိုးနွယ်စုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကျီရှိုးမြို့တွင် တောင်သူလယ်သမားများကို ဟင်းသီးဟင်းရွက်ဈေးသို့ တိုက်ရိုက်ပို့ဆောင်ပေးသည့် အထူးဘတ်စ်ကားလိုင်းတစ်ခုရှိပြီး ၎င်းတို့၏ သယ်ယူပို့ဆောင်ရေးပြဿနာကို ထိထိရောက်ရောက် ဖြေရှင်းပေးနေကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။



ဒေသထွက်ဟင်းသီးဟင်းရွက်များ လှိုင်လှိုင်ပေါ်ချိန်တွင် ဟင်းသီးဟင်းရွက်စိုက်ခင်းများ၌ စည်ကားလှုပ်ရှားနေလေ့ရှိသည်။

ညနေစောင်းတွင် ၁၅ ကီလိုမီတာအကွာအဝေးရှိ ပါယွဲ့လိုတောင်သူလယ်သမားဈေးသို့ လတ်ဆတ်သော ဟင်းသီးဟင်းရွက်များနှင့် တောင်သူလယ်သမားများဖြင့် ပြည့်နှက်နေသော အစိမ်းရောင် ဘတ်စ်ကားတစ်စီး ထွက်ခွာသွားစမြဲဖြစ်သည်။

ယမန်နှစ် မေလက စတင်ခဲ့သော ထိုဝန်ဆောင်မှုသည် တောင်သူလယ်သမားများကို ဈေးသို့ တိုက်ရိုက်ရောက်ရှိစေပြီး ဘတ်စ်ကားခအဖြစ် ၂ ယွမ် (အမေရိကန်ဒေါ်လာ ၀ ဒသမ ၂၈)သာ ကျသင့်ကာ ဟင်းသီးဟင်းရွက်တစ်အိတ်လျှင် အပိုဝန်ဆောင်ခ ၁ ယွမ်သာ ပေးဆောင်ရကြောင်း သိရသည်။

**Mon**

# ရွှေတွင်းတွင် နာရီပေါင်း ၁၈ နာရီခန့် ပိတ်မိခဲ့သော လုပ်သား ၁၈ ဦးကို အောင်မြင်စွာ ကယ်ဆယ်နိုင်ခဲ့



**ဘိုဂိုတာ ဇူလိုင် ၁၉**

ကိုလံဘီယာနိုင်ငံ အနောက်မြောက်ပိုင်းရှိ ရွှေတွင်းတစ်ခုတွင် နာရီပေါင်း ၁၈ နာရီခန့် ပိတ်မိနေခဲ့သော လုပ်သား ၁၈ ဦးကို အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များ ယမန်နေ့က အောင်မြင်စွာ ကယ်ဆယ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါတွင်းလုပ်သားများသည် ကိုလံဘီယာနိုင်ငံ၊ အန်တီအိုကီယာဒေသရှိ 'အယ်လ်မီနွန်'သတ္တုတွင်း၌ ကြာသပတေးနေ့က စက်ပစ္စည်းများ ချို့ယွင်းမှုကြောင့် ပိတ်မိခဲ့ခြင်းဖြစ်သည်။

၁၂ နာရီကြာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးနောက် လုပ်သားအားလုံး ကျန်းမာရေး ကောင်းမွန်စွာရှိနေသည်ဟု ကိုလံဘီယာအမျိုးသား သတ္တုတူးဖော်ရေးအေဂျင်စီက အတည်ပြုကြောင်း သိရသည်။

**Mon**

0-0-0-0-0




တောင်အာဖရိကနိုင်ငံ ဒါဘင်မြို့တွင်ကျင်းပသော နိုင်ငံအုပ်စု ၂၀ မှ ဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးအပြီး ဇူလိုင်၁၈ရက်က တောင်အာဖရိက ဒုတိယဘဏ္ဍာရေးဝန်ကြီး၊ ပြင်သစ်ဘဏ္ဍာရေးဝန်ကြီးနှင့် တောင်အာဖရိက ဘဏ်ဥက္ကဋ္ဌတို့ ပူးတွဲသတင်းစာရှင်းလင်းပွဲပြုလုပ်နေစဉ်။ **Mon**

STOP AIDS

# တောင်ကိုရီးယားနိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သေဆုံးသူ ငါးဦးရှိပြီး ငါးဦး ပျောက်ဆုံး

**ဆိုးလ် ဇူလိုင် ၁၉**

တောင်ကိုရီးယားနိုင်ငံ၌ ရက်အတန်ကြာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သေဆုံးသူ ငါးဦးရှိကာ ငါးဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။

ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် လူပေါင်း ၇၀၀၀ ကျော်ကိုလည်း ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဇူလိုင် ၁၉ ရက်တွင် ပြောကြားသည်။

ဒေသစံတော်ချိန် နံနက် ၁၁ နာရီအထိ သေဆုံးသူ လေးဦးရှိကြောင်း အတည်ပြုခဲ့ပြီး နှစ်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ပြည်ထဲရေးနှင့် လုံခြုံရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

တောင် Gyeongsang ပြည်နယ် Sancheong ဒေသ၌ လူတစ်ဦး သေဆုံးနေကြောင်း ထပ်မံတွေ့ရှိကာ မြေပြိုပြီး အိမ်များ နစ်မြုပ်သွားသည့်အတွက် အခြားသုံးဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ယွန်ဟပ်သတင်းအေဂျင်စီက ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**






## စပိန်အသင်းက ဆွစ်ဇာလန်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ယူပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်

**လန်ဒန် ဇူလိုင် ၁၉**

၂၀၂၅ အမျိုးသမီး ယူရိုပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက စပိန်အသင်းနှင့် ဆွစ်ဇာလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စပိန်အသင်းက ဆွစ်ဇာလန်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ယူပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

စပိန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၆၆မိနစ်တွင် ကက်စတီလို၊ ပွဲချိန် ၇၁မိနစ်တွင် ပီနာတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

စပိန်အသင်းသည် ၂၀၂၅ အမျိုးသမီး ယူရိုပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ပြင်သစ်အသင်းနှင့် ဂျာမနီအသင်းတို့မှ အနိုင်ရရှိသည့်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

**(အောက်ပုံ) (NGB)**



## ရာကီတစ်အား နည်းစနစ်ဒါရိုက်တာအဖြစ် ဟာဒတ်စပလစ်အသင်း ခန့်အပ်



**လန်ဒန် ဇူလိုင် ၁၉**

ခရိုအေးရှားကလပ် ဟာဒတ်စပလစ်အသင်းသည် အသင်းနည်းစနစ်ဒါရိုက်တာအဖြစ် အသင်းကစားသမားဟောင်းဖြစ်သူ ရာကီတစ်အား ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန် ကြေညာခဲ့သည်။

ရာကီတစ်သည် ပြီးခဲ့သည့် ဇူလိုင် ၇ ရက်က ကစားသမားဘဝမှ အနားယူကြောင်း ကြေညာပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ဟာဒတ်စပစ်အသင်း နည်းစနစ်ဒါရိုက်တာအဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။

အသက်(၃၇)နှစ်အရွယ်ရှိ ရာကီတစ်က "ကျွန်တော်အခုလို ဟာဒတ်စပလစ်အသင်း နည်းစနစ်ဒါရိုက်တာအဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဟာဒတ်စပလစ်အသင်း အောင်မြင်တိုးတက်ဖို့လည်း ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသလောက် အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(အပေါ်ပုံ) (NGB)**

## နွန်နီမာဒူအီကီ အာဆင်နယ်အသင်းတွင် ကျောနံပါတ် (၂၀)ဂျာစီကို ဝတ်ဆင်ကစားမည်

**လန်ဒန် ဇူလိုင် ၁၉**



တောင်ပံကစားသမားသစ် နွန်နီမာဒူအီကီသည် အာဆင်နယ်အသင်းတွင် ကျောနံပါတ် (၂၀) ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ တောင်ပံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ချဲလ်ဆီးအသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၅၂ သန်းဖြင့် ငါးနှစ်စာချုပ် ချုပ်ဆိုကာ ရောက်ရှိလာခြင်းဖြစ်သည်။

တောင်ပံကစားသမား နွန်နီမာဒူအီကီသည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၂ပွဲကစားပြီး ဂိုး ၂၀အထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ နွန်နီမာဒူအီကီက "ကျွန်တော် အာဆင်နယ်အသင်းမှာ ကျောနံပါတ်(၂၀)ဂျာစီကို ဝတ်ဆင်ကစားသွားမှာပါ။ ဒီအသင်းနဲ့အတူ လာမယ့် ဘောလုံးရာသီမှာ အောင်မြင်မှုများစွာ ရယူသွားမှာပါ"ဟု ပြောသည်။

**(အပေါ်ပုံ) (NGB)**

## နာပိုလီအသင်း နိုအာလန်းကို ခေါ်ယူ



**တူရင် ဇူလိုင် ၁၉**

စီးရီးအေကလပ် နာပိုလီအသင်းသည် ပီအက်စ်ဗွီအသင်း တောင်ပံကစားသမား နိုအာလန်းကို ပြောင်းရွှေ့ကြေး ယူရို ၂၅ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် နာပိုလီအသင်းနှင့်အတူ ငါးနှစ် သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

တောင်ပံကစားသမား နိုအာလန်းသည် ပီအက်စ်ဗွီအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၃ပွဲကစားပြီး ၁၉ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နာပိုလီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

နာပိုလီအသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား ငါးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

**(အပေါ်ဝဲပုံ) (NGB)**

## ဗင်နီစီယပ်စ်ကို ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူရန် အယ်လ်ဟီလာအသင်း စီစဉ်

**လန်ဒန် ဇူလိုင် ၁၉**

ဆော်ဒီပရိုလိဂ်ကလပ် အယ်လ်ဟီလာအသင်းသည် ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး ဗင်နီစီယပ်စ်အား ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေး ယူရို သန်း ၃၅၀ ဖြင့် ကမ်းလှမ်းရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၂၂ပွဲကစားပြီး ၁၀၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အယ်လ်ဟီလာအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

တိုက်စစ်မှူး ဗင်နီစီယပ်စ်အနေဖြင့် အယ်လ်ဟီလာအသင်းသို့ ပြောင်းရွှေ့ဖြစ်ပါက တစ်နှစ်လုပ်ခလစာငွေ ယူရို တစ်ဘီလီယံအထိ ရရှိသွားမည်ဖြစ်သည်။

ထို့ကြောင့် အယ်လ်ဟီလာအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ရီးရဲလ်မက်ဒရစ်အသင်းထံမှ ဗင်နီစီယပ်စ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ) (NGB)**



## အမ်ဘူမိုကို ခေါ်ယူရန် သဘောတူညီမှုရရှိ

**မန်ချက်စတာ ဇူလိုင် ၁၉**

မန်ချက်စတာယူနိုက်တက်အသင်းသည် ဘရန့်ဖို့ဒ်အသင်း တောင်ပံကစားသမား အမ်ဘူမိုကို ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် အမ်ဘူမိုအား ပြီးခဲ့သည့် ဇွန်လကုန်ပိုင်းက စတာလင်ပေါင် ၅၅ သန်းဖြင့် ပထမအကြိမ်၊ ဇူလိုင်လဆန်းပိုင်းတွင် စတာလင်ပေါင် ၆၂ ဒသမ ၅သန်းဖြင့် ဒုတိယအကြိမ် ကမ်းလှမ်းမှုများကို ဘရန့်ဖို့ဒ်အသင်းက ပယ်ချခဲ့ပြီး ယခုနောက်ဆုံးကြိမ်အဖြစ် စတာလင်ပေါင် ၆၅သန်း+ အပိုဆုကြေး စတာလင်ပေါင် ငါးသန်းဖြင့် ကမ်းလှမ်းမှုကို လက်ခံခဲ့ခြင်းကြောင့် ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမားသည် ဘရန့်ဖို့ဒ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၄၂ပွဲ ကစားပြီး ဂိုး ၇၀ အထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

မန်ချက်စတာယူနိုက်တက် အမ်ဘူမိုအား တရားဝင်မိတ်ဆက်ပွဲအခမ်းအနားကို လာမည့်ရက်ပိုင်းအတွင်း ပြုလုပ်သွားမည်ဖြစ်သည်။

**(ဝဲပုံ) (NGB)**



## ဘောလုံးသတင်းအတိုအထွာများ

* ပရီးမီးယားလိဂ်တန်းတက်ကလပ် ဆန်းဒါးလန်းအသင်းသည် ဆာဆူအိုလိုအသင်း တိုက်စစ်မှူး အာမန်လော်ရီယန်တေးအား ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည်။

* ဝက်စ်ဟမ်းအသင်းသည် ဆောက်သမ်တန်အသင်းမှ ထွက်ခွာလာသည့်နောက်ခံကစားသမား ကိုင်လီဝေါ်လ်ကားပီတာကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှု ရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။ **(NGB)**

## ဒေါက်ဂလပ်လူးဝစ်ကို ခေါ်ယူရန် ပရီးမီးယားလိဂ်ကလပ်အသင်းများ အပြိုင်စိတ်ဝင်စား

**လန်ဒန် ဇူလိုင် ၁၉**

ပရီးမီးယားလိဂ်ကလပ် အသင်းများဖြစ်သည့် အဲဗာတန်၊ ဝက်စ်ဟမ်း၊ အက်စတွန်ဗီလာအသင်းတို့သည် ဂျူဗင်တပ်အသင်း ကွင်းလယ်ကစားသမား ဒေါက်ဂလပ်လူးဝစ်ကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။



အသက်(၂၇)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဂျူဗင်တပ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၂၇ပွဲ ကစားပြီး အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပရီးမီးယား လိဂ်ကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဂျူဗင်တပ်အသင်းကလည်း ဒေါက်ဂလပ်လူးဝစ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကို မဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် အဲဗာတန်၊ ဝက်စ်ဟမ်း၊ အက်စတွန်ဗီလာအသင်းတို့အနေဖြင့် လက်ရှိဈေးကွက်အတွင်း ဂျူဗင်တပ်အသင်းထံမှ ဒေါက်ဂလပ်လူးဝစ်အား မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။

**(ဝဲပုံ) (NGB)**

## 2025 ATV Bancomat Tennis Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Tamara Zidansek တက်ရောက်

**တူရင် ဇူလိုင် ၁၉**

အီတလီနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 ATV Bancomat Tennis Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ဆလိုဗက်ကီးယားတင်းနစ်မယ် Tamara Zidansek တက်ရောက်ခဲ့သည်။

အဆိုပါ ဆလိုဗက်ကီးယား တင်းနစ်မယ် Tamara Zidansek သည် 2025 ATV Bancomat Tennis Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့်တွင် အိမ်ရှင် အီတလီ တင်းနစ်မယ် Dalila Spiteri အား ၆-၂၊ ၆-၁ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 ATV Bancomat Tennis Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဆလိုဗက်ကီးယားတင်းနစ်မယ် Tamara Zidansek နှင့် ခရိုအေးရှားတင်းနစ်မယ် Petra Marcinko တို့ ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ **(ယာပုံ) (NGB)**



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် နည်းပညာကို အသုံးပြု၍ အင်တာနက်စာမျက်နှာများနှင့် စာအုပ်စာပေများမှ မိမိတို့ဘဝတိုးတက်ရေးအတွက် လိုအပ်သည့်အချက်အလက်များနှင့် ဗဟုသုတများကို ရှာဖွေလေ့လာဆောင်ရွက်မည်ဆိုပါက တစ်ဦးချင်း၏ စွမ်းရည်များသည်လည်း တိုးတက်လာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော တောင်ညို တပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း ပြင်ဦးလွင်မြို့ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ



နေပြည်တော် ဇူလိုင် ၁၉

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပြင်ဦးလွင်ရုံးခွဲသို့ သွားရောက်ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ ရုံးခွဲတာဝန်များ၏ လုပ်ငန်းဆောင်တာများကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရေး၊ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရေး၊ နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးကို ရှေးရှု၍ နိုင်ငံ့ဝန်ထမ်းများ ပီသစွာဖြင့် တာဝန် ထမ်းဆောင်ကြရေး မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရွှေနန်းထိုက်ဟိုတယ်၌ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ပြင်ဦးလွင်ဇုန်)မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဟိုတယ်နှင့် ခရီးသွား လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ပြင်ဦးလွင်မြို့၏ ခရီးသွားလုပ်ငန်းအား တစ်နှစ်ထက် တစ်နှစ် ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြ စေလိုပါကြောင်း၊ ပြင်ဦးလွင်မြို့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ရှေ့ဆက်ဆောင်ရွက်သင့်သောကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ပြင်ဦးလွင်ဇုန်)ဥက္ကဋ္ဌနှင့် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ အဖွဲ့ဝင်တို့က အသင်း၏ ဆောင်ရွက်နေမှု အခြေအနေများ၊ ပြင်ဦးလွင်သို့ ခရီးသွားဧည့်သည် ဝင်ရောက်မှု အခြေအနေများ၊ ခရီးစဉ်ဒေသများ ဖော်ထုတ်ထားရှိမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများက လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး ပြည်ထောင်စု ဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြင်ဦးလွင်မြို့အား ခရီးသွားမြို့တော်၊ အားကစားမြို့တော်၊ ပန်းမြို့တော်၊ ကျန်းမာရေးမြို့တော်၊ ကော်ဖီမြို့တော် ဖြစ်စေရေးအတွက် Sport Tourism၊ Golf Tourism၊ Festival Tourism တို့ကို အကောင်အထည်ဖော်၍ ခရီးသွားလုပ်ငန်းမှ တစ်ဆင့် ပူးပေါင်း ဆောင်ရွက်နိုင်ရေး ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံပိုင်ငှားရမ်းထားသည့် ဟိုတယ်များသို့ သွားရောက်ပြီး ဟိုတယ်အဆောက်အအုံများ၊ အခန်းများ မွမ်းမံပြင်ဆင်ထားရှိမှု အခြေအနေများ၊ ဝန်ဆောင်မှုပေးနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြင်ဦးလွင်မြို့၏ ခရီးသွားဆွဲဆောင်ရာနေရာတစ်ခု ဖြစ်သော တရုတ်ဘုံကျောင်းသို့ သွားရောက်ကာ ခရီးသွားများ ဝန်ဆောင်မှုပေးနေမှု အခြေအနေများ၊ ခရီးသွားများ လည်ပတ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်




## အာဆီယံချန်ပီယံရှစ်အတွက် ပြင်ဆင်နေသည့် မြန်မာအမျိုးသမီးအသင်း တရုတ်နိုင်ငံတွင် ခြေစမ်းပွဲများ ကစားမည်

အာဆီယံ ချန်ပီယံရှစ်အတွက် လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ပြိုင်ပွဲအကြို ပြင်ဆင်မှုအနေဖြင့် တရုတ်နိုင်ငံသို့ သွားရောက်၍ လေ့ကျင့်မှုနှင့် ခြေစမ်းပွဲများ ကစားသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဇူလိုင် ၂၁ ရက်မှ ၃၀ ရက်အထိ တရုတ်နိုင်ငံတွင် လေ့ကျင့်မည်ဖြစ်ပြီး ယင်းကာလအတွင်း ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် စီစဉ်ထားသည်။

တရုတ်နိုင်ငံ ခရီးစဉ်တွင် ကစားသမား ၂၄ ဦးပါဝင်မည်ဖြစ်ပြီး မလေးရှားကလပ် ဆာဘားတွင် ကစားနေသည့် ဝင်းသီဂီထွန်းမှာ အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲမှသာ လာရောက်ပူးပေါင်းမည်ဖြစ်သည်။

၂၀၂၅ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ကို ဩဂုတ် ၆ရက်မှ ၁၉ရက်အထိ ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသွားမည်ဖြစ်ပြီး မြန်မာအသင်းသည် ဖိလစ်ပိုင်၊ သြစတြေးလျ၊ တီမောအသင်းတို့နှင့်အတူ တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

(NGB)

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၁၉

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ